

တက္ကသိုလ်သီဟအောင်
အမုန်းမဲ့ကဗျာ
(၄) အုပ်တွဲသိုင်းစာစဉ်
တတိယပိုင်း
ဝမ်အင်း၏ ချင့်ချင်ယွဲ့တောင်း
2000
သိုင်းစာစဉ်များpage.
ALiEN.
4.9.2018
Alienမှ pdf အဖြစ် ကောန်ဖတ်သည်



တက္ကသိုလ်
အမုန်းမဲ့ကာဗျာ
တ+စ
ဇာတ်သိမ်း

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ၅၅၃ / ၂၀၀၀ ( ၈ ) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၅၇၂ / ၂၀၀၀ ( ၈ ) |
| ထုတ်ဝေကာလ | ၂၀၀၀ ပြည့်နှစ် |
| အုပ်ရေ | ၄၀၀ |
| တန်ဖိုး | ၁၀၀ ကျပ် |
| ထုတ်ဝေသူ | ဒေါ်မိုးကေခိုင်<br>ချိုတေးသံစာပေ<br>ရွှေနှံ့သာရပ်ကွက်၊ ပုလဲမြို့(၃)၊<br>မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | ဦးလှသိန်း<br>လှသိန်းဦး-ပုံနှိပ်တိုက်၊<br>၁၂/ဒါနလမ်း၊ သာယာကုန်း၊<br>မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးရိုက် | ဦးတိုးဝင်း၊ (မြဲ ၀၂၄၃၁)<br>နေလရောင် အော့ဖ်ဆက်<br>၉၆/ခ၊ ၁၁-လမ်း၊<br>လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ |


# တက္ကသိုလ်သီပါအောင်

## အမုန်းမဲ့ကဗျာ

(တ + စ – ဓာတ်သိမ်း)

၄ – အုပ်တွဲ သိုင်းစာစဉ်

တက္ကသိုလ် သီဟအောင်

# အမုန်းမဲ့သိုင်းကမ္ဘာ

( တတိယပိုင်း )

ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | — ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | — ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | — ဒို့အရေး |

## ပြည်သူ့ သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

## တစ်ကိုယ်တော်ခရီး

---

ထိုက်ကျူးမြို့။

ထိုက်ကျူးမြို့ တောင်ဘက်တွင် ရှေးဟောင်း အိမ်ကြီး တစ်လုံး ရှိ၏။

ထိုအိမ်မှာ သိုင်းသမား ကျူစင် ပိုင်သည့် အိမ်ဖြစ်သည်။

ချူမှူသည် ထင်ကျီနှင့် လမ်းခွဲ၍ တစ်ဦးတည်းရောက်လာလေသည်။

ထင်ကျီမှာ ထင်ယန်ဂိုဏ်းပျက်စီးပြိုကွဲသွားသည့်သတင်းကြောင့် အလျင်အမြန် ထွက်ခဲ့ပြီဖြစ်သည်။

ချူမူ စိတ်မကောင်းပါ။

ထင်ယန်သည် သူမ သွားရောက် အကူအညီတောင်းမိခဲ့ ရှင်း၊ မိမိအား တိတ်တဆိတ် အကူအညီ ပေးခဲ့၍ရင်း ရန်သူ၏ တိုက်ခိုက်ခြင်းကို ခံရခြင်း ဖြစ်၏။

ထင်ယန်နှင့် ပတ်သက်ပြီး မောင်းထုတ် ခဲ့သည်ကို မကျေနပ်ဖြစ်မိသည်ကို နောင်တရမိ၏၊

မည်သို့ဆိုစေ...

ရန်သူတို့ကို ရင်ဆိုင်နိုင်ရေးအတွက် ကြိုးစားရမည် ဖြစ်ရာ ကုစင်ထံသို့ ဆက်၍ ခရီးထွက်လာခဲ့ခြင်း ဖြစ်သည်။

ကုစင်၏ အိမ်သည် မည်သို့မျှ အထင်ကြီးစရာ မရှိချေ။

ချူမူသည် တစ်ချက် အကဲခတ်ပြီး စိတ်ပျက်မိ၏။

'သူ့အား ငါ့ကို ကူညီနိုင်ပါ့မလား'
ဟုလည်း ရေရွတ်လိုက်၏။
ထိုစဉ်—



လူပုလေးတစ်ယောက် အိမ်ထဲမှ ထွက်လာသည်ကိုတွေ့၏။ ထိုလူသည် ချူမူကို မြင်လျှင် မျက်မှောင်ကုတ်၍ ခြေဆုံးခေါင်းဆုံး ကြည့်သည်။

ပြီးလျှင်....
'မင်းဘယ်သူလဲ၊ ဘာကိစ္စလဲ'
ဟု မေး၏။

ချူမူက
'ဒါသိုင်းဆရာကြီး ကုစင်အိမ်မဟုတ်လား'
ဟု ပြန်မေး၏။

ထိုလူက
'ဟုတ်တယ်ဆိုရင်ရော ဘာလုပ်မလို့လဲ'
'ဘာလုပ်ရမှာလဲ တွေ့ချင်လို့ပေါ့ရှင့်'

'ဩော် မင်းက ကုစင်ကို တွေ့ချင်လို့ကိုး၊ ဘာကိစ္စလဲဆိုတာ ပြောစမ်းပါဦး'

လူပု၏ စကားသံကို မကြိုက်သဖြင့် ချူမူ ခံပြင်းမိသည်။

'ကျွန်မက တွေ့ချင်လို့ဆိုမှ ရှင်မေးစရာလိုသေးလား၊ သူနဲ့တွေ့မှ ပြောနိုင်မယ်'

လူပုက
‘သူ့ကာ မတွေ့ချင်ဘူး ဆိုရင်ရော’
‘ဒါ ရှင့်အပူမပါ ပါဘူး’

‘ဟား ဟား ဟား’
လူပုက ရယ်သည်။
ချူမူ မကျေမနပ်ဖြစ်ပြီး—

‘ကျွန်မ ကုစင်ကို တွေ့ချင်တယ်၊ ဘယ်မှာလဲ ပြောပါ’

‘မင်းမေးတိုင်း ပြောရမှာလား’

‘ရှင်—ရှင်’

လူပုသည် သူ့မအား ဂရုမစိုက်ဘဲ အိမ်ထဲလှည့်ဝင်သည်။

ချူမူ ခြေဆောင့်၏။

‘တော်တော်ရိုင်းတဲ့လူ’

ချူမူသည် ဘာမှ ဂရုမစိုက်ဘဲ အိမ်တံခါးကို တွန်းဖွင့်လိုက်သည်။



‘ကျူ’
အိမ်တံခါး ပွင့်သွား၏။
ချူမူသည် အိမ်ထဲဝင်လိုက်၏။

ထိုအခါ

အိမ်ထဲ၌ အသင့်ထိုင်စောင့်နေသည့် လူပုကို တွေ့ရသည်။
ချူမူက ထိုလူအား မသိချင်ယောင် ဆောင်၍…

‘အိမ်ရှင်တို့….အိမ်ရှင်တို့’
ဟု ခေါ်သည်။
လူပုက

‘မင်း ဘယ်လိုဖြစ်နေတာလဲ၊ဒီမှာ ကျုပ်တစ်ယောက်လုံး ထိုင်နေတာ မတွေ့ဘူးလား’

ဟု ပြန်မေး၏။
သူမက..

‘ရှင့်ကို တွေ့သားပဲ၊ ကျွန်မက အိမ်ရှင်ကို တွေ့ချင်လို့ ခေါ်နေတာရှင့်’

'ကောင်းပြီ၊ အိမ်ရှင်ဘယ်သူ့ပဲဆိုတာရော မင်းသိလား'

'သိတာပေါ့၊ ကုစင်ပဲ မဟုတ်လား'

'ဒါဖြင့် ကျုပ်ကရော'
'ရှင်က လူပုလေး တစ်ယောက်ပေါ့'
လူပု ခေါင်းခါသည်။

'မင်းက ကုစင် ဘယ်လို ဆိုတာကို မသိသေးဘဲကိုး'

'ဘာကြောင့် မသိရမှာလဲ'
'ကျုပ်ကကုစင်ဖြစ်နေလို့ပေါ့'
'ဟိုက်'

ချူမူ ပါးစပ်အဟောင်းသား ဖြစ်သွားလေ၏။

x x x

ချူမူ ပါးစပ်အဟောင်းသား ဖြစ်နေသည်။

လူပုလေးအား မျက်လုံးပြူး၍ ကြည့်လိုက်မိသည်။



လူပုက သူမအား ပြုံးပြရင်း
'မင်းဘာပြောချင်သေးလဲ'
ဟု မေးလာလေ၏။

သူမက
'ရှင်ဟာ သိုင်းဆရာ ကုစင်ဟုတ်လား'
'ဟုတ်တယ်လေ'

'အို ကျွန်မ တအယ် မထင်ခဲ့မိဘူးရှင်'

လူပုက ထိုင်ရာမှထ၍ ခါးထောက်၏။

'ကျုပ် ကုထင်လို့ မထင်လို့ မလေးမစား ဆက်ဆံခဲ့တာပေါ့ ဟုတ်လား

သူမ အပျာကယာ လက်ကာပြ၏။
'အို–သည်လိုလဲ မဟုတ်ပါဘူးရှင်'
'ဒါဖြင့် ဘာသဘောလဲ'

'ကျွန်...ကျွန်မ'

သူမ ဘာမှ မတတ်သာတော့ပါ။

'ကျွန်မ ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်ရှင်'

လက်နှစ်ဖက်ဆုပ်၍ တောင်းပန်သည်။

'ဟား ဟား ဟား'

လူပု ရယ်လိုက်သည်။

သူမ ငြိမ်နေရ၏။

လူပုက

'ကဲ ပြောစမ်းပါဦး၊ မင်းက ဘာကြောင့် ငါ့ကို တွေ့ချင်ရတာလဲ'

ဟု မေး၏။

သူမက—

'ကျွန်မက လူတစ်ယောက် အကြောင်း စုံစမ်းချင်လို့ပါ'

လူပုက

'မင်းက ဘယ်သူ့ကို တွေ့ချင်တာလဲ ပြောစမ်းပါဦး'



'ကဗျာဆရာကိုပါ'

'ကဗျာဆရာ'

'ဟုတ်ပါတယ်ရှင်'

'နေပါဦး၊ မင်း ဘာကြောင့် တွေ့ချင်ရတာလဲ'

'အကူအညီ တောင်းစရာ ရှိလို့ပါရှင်'

လူပု နှာခေါင်းရှုံ့သည်။

'လက်စသတ်တော့ ဒုက္ခပေးမယ့် လူတစ်ယောက်ကိုး'

သူမက

'ကျွန်မ ဒုက္ခပေးတာ မဟုတ်ပါဘူးရှင်၊ ကျွန်မရဲ့ဒုက္ခကို ကူညီနိုင်မယ့်လူ တစ်ဦးပဲ ရှိပါတယ်'

လူပုက

'မင်းဟာ အကြီးအကျယ် ဒုက္ခရောက်နေတယ်ပေါ့ ဟုတ်လား'

'ဟုတ်ပါတယ်ရှင်'

'ဘယ်လို ဒုက္ခရောက်နေတာလဲ ပြောစမ်းပါဦး'

'ကျွန်မ'

သူမသည် ပြောသင့်မပြောသင့် ဝေခွဲမရ ဖြစ်သွား၏၊

လူပုက

'ဘာလဲ ငါပြောဖို့အခက်အခဲဖြစ်နေတာပေါ့ဟုတ်လား'

'ကျွန်မက....'

'မင်းဟာ ရွှေလက်ဝါးရုံကျောင်းက ချူအိမ်တော်ဆ သခင်မ လေး မဟုတ်လား'

'ရှင်'

မမျှော်လင့်တဲ့ ကြားရသည့် စကားကြောင့် သူမ အံ့သြ သွားလေသည်။



လူပုကို တအံ့တသြကြည့်၏၊
လူပုက
'ကျုပ်မေးတာဖြေစမ်းပါဦး'

သူမက
'ရှင်ဘယ်လိုလုပ်သိလဲ'
ဟု မေးလိုက်မိသည်။

လူပု လက်ဆောပြုသည်

'မရှေးနဲ့ ငါမေးတာသာဖြေ၊မင်းမဖြေလဲ မင်းဘယ်သူ ဆိုတာ သိတယ်၊ လိမ်လို့မရဘူး'

သူမ ခေါင်းညိတ်သည်။
'ဟုတ်ပါတယ်၊ ချူအိမ်တော်ကပါ'
ဟု ပြော၏။

လူပုက

'မင်းအဖေဟာ လူတော်လူကောင်းလို့ နာမည်ကျော်ခဲ့ တာပဲ၊ အခု ဘယ်လို ဖြစ်ရတာလဲ'

'ကျွန်မ ဖေဖေက ဘာဖြစ်လို့လဲ'

သူမ၏ လေသံတွင် မကျေနပ်သည့် အရိပ်အယောင်များ ရောယှက်နေပါသည်။

လူပုက

'မင်းအဖေဟာ ရွှေလက်ဝါး သိုင်းကျမ်းကို လိုချင်တာနဲ့ သစ္စာဖောက်လိုက်တယ် မဟုတ်လား'

'အို မဟုတ်ပါဘူးရှင်'
'ဘာမှဟုတ်တာလဲ'
'မဟုတ်လို့ မဟုတ်ဘူးပြောတာပေါ့'

လူပုက

'မင်းအဖေဟာ ရွှေလက်ဝါးရဲ့ ထုံးစံအရ ဂိုဏ်းချုပ် ဗိမာန်ကို တာဝန်ယူထားရတဲ့ သုံးနှစ်ကာလ အတွင်းမှာ ရွှေလက်ဝါးသိုင်းကျမ်းကို ရယူခဲ့တာပဲ မဟုတ်လား'

'မဟုတ်ဘူး'



လူမ အော်လိုက်၏။

'ဒါ မတရား စွပ်စွဲကြတာရှင့်၊ ကျွန်မအဖေကို မတရား စွပ်စွဲပြီး ဖမ်းဆီးထားကြတာရှင့်'

လူပုက...

'ကျုပ်ကြားတဲ့ သတင်းနဲ့ မင်းပြောတဲ့ စကားတွေဟာ တခြားစီ ဖြစ်နေပါလား'

သူမက

'ရှင် ဘယ်သူ့ဆီက ကြားခဲ့တာလဲ၊ ဓားခြံဝင်းအမဟုတ်လား'

'ဟုတ်တယ်'

'ကျွန်မဖေဖေကို ဒုက္ခပေးဖို့ ကြံစည်ခဲ့တာ သူတို့ပဲရှင့်'

'သူတို့ကတော့ မင်းအဖေက ဒုက္ခပေးတာလို့ပြောတယ်

'မဟုတ်ဘူး

သူမအသံ ကျယ်လောင်စွာ ထွက်လာ၏။
ထိုစဉ်
'လူပုလေး ဘာဖြစ်နေတာလဲ'

စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားသည်။

ချူမူ ကြည့်လိုက်သည့်အခါ ပိန်ပိန်ပါးပါး ရှိသူတစ်ဦး အိမ်ထဲသို့ ဝင်လာသည်ကို တွေ့ရ၏။

လူပုလေးက

'ချူအိမ်တော်သခင်မလေးဆိုတာ ရောက်လာပြီလေဗျာ'

ဟု လှမ်းပြောသည်။
ဝင်လာသူခေါင်းညိတ်သည်။
'ဪ…ဪ'

ထိုလူသည် ရှေ့လှမ်းလာပြီး ထိုင်ခုံတစ်လုံးကိုညွှန်ပြ၍…

'ထိုင်ပါ မိန်းကလေး၊ကျုပ်က ကုစင်ပါ'



'ဟု ပြောလာ၏၊
သူမ ကြောင်အမ်းအမ်းဖြစ်မိ၏။
'ဦးက ကုစင်ဟုတ်လား'

'ဟုတ်တယ်ကွယ့်'
'ဒါဖြင့် သူက…'
လူပုကို ညွှန်ပြ၍ ပြော၏။

ကုစင်က

'သူဟာ ကျုပ်မိတ်ဆွေ လူပုလေးပါ၊စီအမ်းအလူပုလေး ဆိုရင် လူတိုင်းသိကြပါတယ်'

ဟု ပြောပြ၏။

သူမ ပိုအံ့ဩရသည်။

စီအမ်းလူပုသည် နာမည်ကျော် သိုင်းဆရာကြီးတစ်ဦးဖြစ်သည်ကို ကြားဖူးခဲ့၏။

ယခုမှ လူချင်းတွေ့ဖူးခြင်း ဖြစ်၏။

သူမ လူပုကို ကြည့်၍ မကျေမနပ်ဖြင့်–

'သူက ကိုစင်လို့ ပြောသေးတယ်'

ဟု ပြော၏။

ကိုစင် ရယ်လိုက်သည်၊

'ဟဲ ဟဲ စီအမ်းလူပုလေးဟာ အတည်ပေါက်နဲ့ နောက်ပြောင် ကျီစယ်တဲ့နေရာမှာ ထိပ်တန်းပဲဆိုတာ လူတိုင်း သိကြပါတယ်'

ဟု ပြော၏။

သူမက–

'ကျွန်မအဖေ မတာရူးလုပ်တယ်လို့ စွပ်စွဲခဲ့သေးတယ်ရှင့်'

ကိုစင် ထက်ပြင်းချသည်။

'မိန်းကလေး ချူအိမ်တော်နဲ့ ပတ်သက်ပြီး သိုင်းလောကမှာ ဖြစ်ပေါ်နေတဲ့ သတင်းတွေဟာ အတော် စမ်းနည်းစရာကောင်းလှပါတယ်'



သူမက

'ဦးတို့ကြားတဲ့ သတင်းတွေ မှားနေပါလိမ့်မယ်ရှင်'

ဟု ပြောလိုက်သည်။

ကိုစင် ခေါင်းညိတ်၏။

'မိန်းကလေးဟာ ကာယကံရှင်ဖြစ်တဲ့အတွက်ဘယ်လိုဖြစ်ခဲ့ရတယ်ဆိုတာ ပြောပြနိုင်မလား'

သူမက

'ကျွန်မကို စိတ်မဆိုးပါနဲ့ရှင်၊ ကျွန်မပြောပြပါ့မယ်၊ ဒါပေမယ် ဦးအနေနဲ့လဲ ကျွန်မကို ကူညီစေချင်ပါတယ်ရှင်'

ပြောလိုက်လေသည်။

ကိုစင်က

'ကဗျာဆရာဆီလွှမ်းညွှန်ပေးဖို့လား'

'ဟုတ်ပါတယ်ရှင်'

'ဒါတော့ ဖြစ်နိုင်မယ်မထင်ဘူး'

'ရှင်'

'ထွယာ သိုင်းလောကနဲ့ မပတ်သက်တော့ဘဲ တစ်သက်လုံး အေးအေးချမ်းချမ်း နေသွားတော့မယ်လို့ ဆုံးဖြတ်ထားတယ်၊ ဒါကြောင့် ဘာထသူကမှ အနှောင့်အယှက်မပေးသင့်တော့ဘူးလို့ အားလုံးက လက်ခံ ယုံကြည်ထားတယ်'

သူမက

'ကျွန်မဖေဖေ ကိစ္စကို သူကူညီမှ ဖြစ်နိုင်မှာမို့ပါရှင်'

'ခက်တာပဲ မိန်းကလေးရယ်'

ကုစင် ညည်းတွားၿပီ

သူမက

'ကျွန်မ ဖေဖေကို ဘယ်သူမှ ကူညီနိုင်မှာ မဟုတ်ပါဘူးရှင်၊ ကျွန်မ တောင်းပန်ပါတယ်'

ကုစင်က

'မိန်းကလေး ကျုပ်ဟာ ကဗျာဆရာအကြောင်း ပြောပြရင် သူ့အပေါ် ခေဝ်ကားသလို ဖြစ်သွားလိမ့်မယ်ကွယ့်၊ ဒါကြောင့်—'



သူ၏ စကားမဆုံးမီ လူပုက ကြားဖြတ် ပြော၏၊

'မိန်းကလေး မင်းကိုခုချိန်လောက်ထိ လက်ခံစကားပြောနေတာတောင် လွန်လွန်းလှပြီ၊ မင်းတောင်းဆိုမှုတွေကိုဘယ်နည်းနဲ့မှ လက်မခံနိုင်ဘူး၊ မင်းထွက်သွားတာအကောင်းဆုံးဖြစ်လိမ့်မယ်'

ကုစင် သက်ပြင်းချလိုက်၏၊

ချူမှူ စိတ်ခေတ်ကျသွားလေသည်၊

ဒါတိုင်းဆိုလျှင်-ရန်ဓတွေ၍ ထွက်သွားမည် ဖြစ်သည်၊

ယခုမူ ထိုင်ခုံ၌ ထိုင်၍ ခေါင်းငုံ့ ထားလိုက်၏၊

ကုစင် သက်ပြင်းချလိုက်သည်၊

'ကောင်းပြီလေ၊ မင်းဘယ်လို ကြုံတွေ့ခဲ့ရသလဲဆိုတာသာ ပြောပါ၊ သူ့ကို ဘယ်လိုရှာရမယ်ဆိုတာ ကျုပ်ပြောပြမယ်'

ဟု ပြော၏၊

လူပုက

'ကုစင် ခင်ဗျား'

သူ၏စကားမဆုံးမီ ကုစင်က ထက်ကာပြောသည်။

'သူပြောတာ နားထောင်ပါဦးလေ'

ဟု ပြော၏။

လူပုက

'ကောင်းပြီလေ၊ နားထောင်ကြည့်သေးတာပေါ့'

သဘောတူသည်၊

တစ်ဖန်

နှစ်ဦးသား ချူမူကို ကြည့်နေလိုက်ကြလေသည်။

ချူမူက

'ကျွန်မ ဖေဖေဟာ မတရား အကျက်ဆင်ခံခဲ့ရတာပါရှင်

ဟု အစချီ၍ ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက် များအား ပြောပြလိုက်လေတော့သည်။

x x x

## ရွှေလက်ဝါးဂိုဏ်း

ရွှေလက်ဝါးဂိုဏ်း၏ ဂိုဏ်းချုပ်မှာ တစ်ချိန်က သိုင်းလောကအား နှောင့်ယှက်ခဲ့သည့် သိုင်းဘီလူးနှင့် ရင်ဆိုင်ခဲ့သူ ဖြစ်သည်။

သိုင်းဘီလူးသည် သိုင်းလောကအား ဖျက်ဆီးပစ်မည့်သူ ဖြစ်သည်။

ထို့ကြောင့် သိုင်းလောကတစ်ခုလုံး ပျက်စီးလုမတတ်ဖြစ်ခဲ့ရသည်။

ဟန်တားရင်ဆိုင်သူတိုင်းဒုက္ခရောက်ခဲ့၊အသက်ဆုံးရှုံးရ၏၊

ရွှေလက်ဝါးဂိုဏ်းချုပ်ကျင်ယုံသည်သိုင်းလောကအကျိုးအတွက် သိုင်းဘီလူးနှင့် စွန့်စားရင်ဆိုင်ခဲ့သည်။

ကျင်ယုံသည် သူနှင့် သုံးရက်သုံးည တိုင်တိုင် ရင်ဆိုင်ခဲ့ပြီးနောက် သရေပွဲကျခဲ့၏။

သိုင်းဘီလူးမှာ မိမိအား သရေယှဉ်ပြိုင်သူ ပေါ်လာ၍ သိုင်းလောကသို့ ဆက်၍ မဖျက်ဆီးဝံ့တော့ဘဲ ရှောင်တိမ်းခဲ့လေ၏။

သိုင်းလောကသားတို့က ဂိုဏ်းချုပ်ကို ချီးကျူးကြ၏။ ကြည်ညို လေးစားခဲ့သည်။

ကျင်ယုံသည် သိုင်းဘီလူးကို သရေပွဲ ယှဉ်ပြိုင်ခဲ့သော်လည်း လက်တွေ့တွင် အတွင်းဒဏ် ပြင်းစွာ ရရှိလေသည်။

ထိုအတွင်းဒဏ်ဖြင့်ပင် များမကြာမီ ကွယ်လွန်သွား၏။

ဤတွင်

x x x



ချူအိမ်တော်....
ပန်းတောင်ကုန်း....
ကျိဂေဟာ....

ဓားခြံဝင်း....

ဝမ်းကျေးရွာ....

ထိုနေရာ ဒေသငါးခုသည် သိုင်းလောက၌ ထင်ရှားသည့် နေရာဌာန ငါးခု ဖြစ်၏။

ထိုဌာနတို့သည် ရွှေလက်ဝါးဂိုဏ်း၌ ပေါင်းစပ် ပါဝင်ထားကြ၏။

ဥပမာ လက်ဝါးတစ်ဖက်တွင် လက်မ၊ လက်ညှိုး၊ လက်ခလယ် စသည်စသည်ဖြင့် လက်ချောင်းလေးတို့ ပေါင်းစပ်ပါဝင်သကဲ့သို့ ဖြစ်သည်။

ရွှေလက်ဝါးဂိုဏ်းချုပ် သေဆုံးသွားသည့်အခါ ဂိုဏ်းချုပ်နေရာ ဆက်ခံဖို့ အခက်အခဲဖြစ်လာ၏။

ဂိုဏ်းချုပ်သည် နေရာဌာနငါးခုအပေါ် ဩဇာညောင်းသူ ဖြစ်ရပေမည်။

သိုင်းပညာ အတော်ဆုံး ဖြစ်ရမည်။

ဌာနငါးခု၏ ခေါင်းဆောင်များသည်ရွှေလက်ဝါး သိုင်းကို တတ်မြောက်ထားခြင်းမရှိကြပါ။

ထို့ကြောင့် အားလုံး တိုင်ပင်၍ ဂိုဏ်းချုပ်၏ ဂူပိမာန်တွင် သုံးနှစ်စီ အလှည့်ကျ နေရန် ဆုံးဖြတ်ခဲ့ကြသည်။

ကျင်ယုံ၏ ရွှေလက်ဝါး သိုင်းကျမ်းအား မည်သို့ မည်ပုံ အသုံးချရမည်ကို ညှိနှိုင်း သဘောတူကြမှသာလျှင် ဂူပိမာန်မှ သိုင်းကျမ်းကို ထုတ်ယူရန် သဘောတူခဲ့၏။

သို့ဖြင့်....

ချူအိမ်တော်မှ သခင်ကြီးချူလိ တာဝန်ယူရသည့်အလှည့်သို့ ရောက်ရှိလာသည့်အခါ....

Z Z Z



နေသာသော နေ့တစ်နေ့ ဖြစ်သည်။

ချူအိမ်တော်သည် ငွားငွားစွင့်စွင့် ဖူးပွင့်နေသည့် ရောင်စုံပန်းပင်တို့ကြားဝယ် သာယာလှပစွာ တည်ရှိ၏။

ချူမူသည် နံနက်ပိုင်း အချိန်တိုင်း ပန်းဥယျာဉ်အတွင်း၌ လေညင်းခံ၍ သိုင်းရေးလေ့ကျင့်လျက်ရှိ၏။

ယနေ့သည်။....

ချူမူသည် ဥယျာဉ်အတွင်း၌ ရောက်ရှိနေသည်။

သူမ သိုင်းကျင့်ချိန်မှာပင် အိမ်ထိန်း ရောက်ရှိလာ၏။

သူမက

'အိမ်ထိန်းကြီး ရေးကြီးသုတ်ပျာနဲ့ ဘယ်လိုဖြစ်လာတာလဲရှင့်'

ဟု ဆီးမေးသည်။

အိမ်ထိန်းက-

'သခင်မလေး အရေးတော့ ပေါ်လာပြီ၊ ဓားခြဲဝင်းက လူတွေ ဦးဆောင်ပြီး ဌာနလေးခုက လူတွေ တောင်ပေါ်ကို တက်သွားကြတယ်'

'ဟင်'

သူမ အံ့ဩသွားသည်၊

အိမ်ထိန်းပြောသည့် သတင်းသည် ထူးခြားသော သတင်းတစ်ခု ဖြစ်သည် မဟုတ်ပါလား။

'တောင်ပေါ်မှာ ဖေဖေရှိတာပဲ၊ သူတို့ သွားကြတယ်ဆိုရင် အကြောင်းထူး တစ်ခုခု ရှိမှာ သေချာတယ်'

'ဟုတ်ပါတယ် သခင်မလေး၊ သိုင်းကျွမ်းနဲ့ ပတ်သက်ပြီး ပြဿနာပေါ်နေတယ်လို့ သတင်းကြားရတယ်'

'ဒါ ဒါတကယ်ပဲလား'

'တကယ်ပါ သခင်မလေး

'ဒါဆို ကျွန်မတို့ ဒီအတိုင်း လက်ပိုက်ကြည့်နေလို့မဖြစ်ဘူး ဖေဖေ့နောက် လိုက်သွားရမယ်'

'ဟုတ်ပါတယ် သခင်မလေး'



ချုံမူသည် အဝတ်အစားပင် မလဲတော့ပေါ။

အိမ်ထိန်းအား မြင်းနှစ်ကောင် ပြင်ဆင်ခိုင်းပြီးလျှင် ရွှေလက်ဝါးတောင်သို့ ဦးတည်၍ ခရီးနှင်ကြသည်။

Z Z Z

ရွှေလက်ဝါးတောင်....

ထိုတောင်သည် စိမ်းလန်းစိုပြည်သည့် တောင်တစ်လုံးဖြစ်သည်။

နေရောင်အောက်တွင် သာယာလှပနေ၏။

'ခွပ်ခွပ် ခွပ်ခွပ်'

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

မြင်းစီးသမားနှစ်ဦးသည် တောင်သို့ဦးတည်၍ ခရီးနှင်နေကြသည်။

ထိုနှစ်ယောက်မှာ ချူမူနှင့် အိုမ်ထိန်းတို့ ဖြစ်၏။

ယခုအချိန်တွင် ချူလိနှင့် လက်ရွေးစင် သိုင်းသမား နှစ်ဆယ်သည် တောင်ပေါ်ရှိ ဂူကျိုးချုပ် ကျောင်းယုံ၏ ဂူဗိမာန်၌ တာဝန်ယူ စောင့်လျက်ရှိ၏။

တောင်ပေါ်သို့ အခြားဌာန လေးခုမှ သိုင်းသမားတို့ တက်သွားကြ၍ အကြောင်းရှိရမည်မှာ ထင်ရှား၏။

ချူမူမှာ ဖခင်အတွက် စိုးရိမ်ပူပန်နေသည်။

သူမသည် မြင်းဒုန်းစိုင်း နှင်နေသည့်တိုင် မြင်းညိုကြီးက ခြေကုန်ပြေးသည့်တိုင် နှေးနေသည်ဟု ထင်မှတ်၏။

တစ်လမ်းလုံး မရပ်မနား ခရီးနှင်လာကြရာ တောင်သို့ ရောက်မှန်းမသိ ရောက်လာ၏။

တောင်ခြေသို့ ရောက်ကြသည်နှင့်
'ရပ်လိုက်
ဟန့်တားသံ ထွက်လာ၏။



လူတစ်ခု ပြေးထွက်လာပြီး ချူမူတို့အား လမ်းပိတ်၏။

သူတို့သည် မြင်းကို ရပ်တန့်၍ ခုန်ဆင်းလိုက်ကြ၏။

သူမက လမ်းပိတ်ထားသူတို့ကို ကြည့်လိုက်ရာ တောင်ကို တာဝန်ယူထားသည့် သူမတို့၏ ချူအိမ်တော်မှ လူများမဟုတ်ကြောင်း တွေ့လိုက်ရသဖြင့် အံ့သြသွား၏။

ထိုလူတို့၏ ဝတ်စားဆင်ယင်ပုံကို ကြည့်ရုံဖြင့် ခါးခြံဝင်းလူများ ဖြစ်ကြောင်း ရိပ်မိသည်။

သူမက မကျေမနပ်ဖြင့်
'ဒါက ဘာသဘောလဲ'
ဟု မေးသည်။

ဟန့်တားသူများ၏ ခေါင်းဆောင်က ရှေ့ထွက်လာ၏။

ထိုလူက

'မိန်းကလေး တောင်ပေါ်ကို ဘယ်သူမှ တက်ခွင့်မရှိဘူး၊ တက်ဖို့ မကြိုးစားပါနဲ့၊ အေးအေးစွာ လှည့်ပြန်သွားတာ အကောင်းဆုံးပါပဲ'

ဟု ပြောလာ၏။

သူမ ပိုဒေါပွသွား၏၊

'သာပြောတယ်၊ကျွန်မ ပြန်သွားရမယ် ဟုတ်လား၊ဒီမှာ တကယ်ထမ်း သွားရမှာက ရှင်တို့ပဲ၊ ကျွန်မဟာ တောင်ကို တာဝန်ယူထားတဲ့ ချူသခင်မလေးပဲ၊ အခု ကျွန်မ အဖေကို လာတွေ့တာ ရှင့်၊ ရှင်တို့ နှောင့်ယှက်ရင် ဒုက္ခရောက်လိမ့်မယ်၊ နေစမ်းပါဦး ရှင်တို့ကရော ဘယ်သူတွေလဲ၊ ဒီနေရာမှာ ဘာလာ ရှုပ်ကြတာလဲ'

ဟု ပြန်အော်ငေါက်၏။

'ထိုလူက'

'ဪ မင်းက ချူသခင်မလေးကိုး၊ ကောင်းပြီ မင်းကိုပါ ဖမ်းချုပ်ရလိမ့်မယ်'

'ဘာရှင့်'

'မင်းရဲ့အဖေဟာ ရွှေလက်ဝါး ဂိုဏ်းအပေါ်မှာ သစ္စာဖောက်လိုက်ပြီ၊ ဒါကြောင့် မင်းအဖေကို ဖမ်းချုပ်ပြီးပြီ'



'ရှင်—ရှင်'

သူမ ဒေါသကို မထိန်းနိုင်တော့ဘဲ တရကြမ်းတိုက်၏။

သူမ၏ တိုက်ခိုက်မှုကြောင့် ထိုလူ ကပျာကယာ နောက်ဆုတ်လိုက်ရ၏။

သူ၏ သူများသည် အခြေအနေ မဟန်မှန်းသိလျှင် လက်နက်ကိုယ်စီ ဆွဲတိုင်၍—

'ယား'

ညာသံပေးရင်း ပြေးဝင် တိုက်ခိုက်လိုက်ကြသည်။

ချူသခင်ကြီး အဖမ်းခံရသည်ဟု သိရပြီး တိုက်ပွဲ ဖြစ်လာပြီကို အိမ်ထိန်းလှည်း မနေနိုင်တော့ဘဲ သူမနှင့်အတူ လက်တွဲ၍ ရန်သူများကို ရင်ဆိုင်တိုက်ခိုက်ရသည်။

တောင်ပေါ်တွင် တိုက်ပွဲဖြစ်ပေါ်လာသည်။

တစ်ဖက်နှင့်တစ်ဖက် အမြန်အလျှန် တိုက်ကြရင်း

'ဝုန်း'
'အား'
'အမယ်လေး'
'သေပါပြီဗျ'

စူးရှကျယ်လောင်သည့် အော်ဟစ်သံများ တစ်ခဲနက်ထွက်ပေါ်လာသည်။

သူမတို့ တက်ညီလက်ညီ တိုက်ခိုက်ကြသဖြင့် ထိုလူများ အရေးနိမ့်သွားကြ၏။

အခြေအနေ မဟန်မှန်းသိလျှင် ဆက်တိုက်ခြင်းမပြုတော့ဘဲ နောက်ဆုတ် ထွက်ပြေးသွားကြ၏။

ချူမူနှင့် အိမ်တော်တို့ တစ်ဦးကို တစ်ဦး ကြည့်လိုက်၏။

သူမက

'အိမ်ထိန်းကြီး ဖေဖေ တစ်ခုခုဖြစ်နေတာ သေချာတယ်'

ဟု ပြောသည်။
အိမ်ထိန်း ခေါင်းညိတ်၏။
'ဟုတ်တယ်၊ကျုပ်တို့မြန်မြန်သွားမှဖြစ်မယ်



'ကောင်းပြီ'

စကားဆုံးလျှင် နှစ်ယောက်သား တောင်ပေါ်သို့ ပြေးတက်သွားကြသည်။

လမ်းခရီး တစ်လျှောက် ဟန့်တားမည့်သူ မရှိပါ။

သို့သော်

တောင်ပေါ် သို့ ရောက်လုရောက်ခင်အချိန်တွင် ဟန့်တားသူများ ထွက်ပေါ်လာ၏။

'ရပ်လိုက်'

အော်ဟောက်သံများ ကျယ်လောင်စွာ ထွက်လာသည်။

အဲရောင်အသွေး စုံလင်စွာ ဝတ်ထားကြသူတို့ ဟိုမှသည်မှ ထွက်ပေါ်လာသည်။

ထိုလူတို့မှာ ချူအိမ်မှ မဟုတ်ကြပါ။

သူတို့နှစ်ဦး တစ်ယောက်ကို တစ်ယောက် ကြည့်မိသည်။

သူတို့သည် ရှည်ရှည်ဝေးဝေး စဉ်းစားမနေကြတဲ့–

'ယား'

ညာသံပေး၍ ထိုးဖောက် တိုက်ခိုက်ကြသည်။

ပြင်းထန်သော တိုက်ပွဲ ဖြစ်ပေါ်လာသည်။

'ခုန်း'
'အား'
'အမယ်လေး'
'သေပါပြီဗျ'

စူးရှကျယ်လောင်သည့် အသံတို့ တခဲနက် ထွက်လာ၏
ဟန်တားဖို့ ကြိုးစားသူတို့ တစ်ဦးပြီး တစ်ဦး အဝေးသို့လွ
စင်ကုန်၏။

ထိုစဉ်

'ရပ်လိုက်'

ဟန်တားသံထွက်လာ၏။



ချူမူတို့အား ဂရုမစိုက်ပါပေ။ ရှေ့ဆက် တိုက်လိုက်၏။

သို့သော်

'ရပ်လိုက်လို့ပြောနေတာ မကြားဘူးလား…

အော်ဟောက်သံ ထပ်၍ထွက်လာသည်။

လူရိပ်တစ်ခုက ရိပ်ခနဲပြေးဝင်လာ၍ ချူမူနှင့် အိမ်ထိန်း
တို့ကို တိုက်ခိုက်လိုက်၏။

'ဝုန်း'

ကျယ်လောင်သည့်အသံထွက်လာ၏။

အိမ်ထိန်းကြီး အဝေးသို့ လွင့်စင်သွား၏။ ချူမူလည်း
အပျာကယာ နောက်ဆုတ်လိုက်ရ၏။

အဆင့်မြင့်သိုင်းသမားတစ်ဦး၏ တိုက်ခိုက်မှုကိုခံလိုက်ရပြီ
ဖြစ်ကြောင်းသဘောပေါက်မိသဖြင့် ရင်ထိတ်သွားပြီး လှမ်း
ကြည့်လိုက်၏။

ထိုအခါ

အသားမည်းသည့် အဘိုးအိုတစ်ဦး ရောက်ရှိလာသည်ကို တွေ့ရ၏။

ထိုအဘိုးအိုကိုမြင်လျှင် ချူမူ မျက်နှာပျက်သွားသည်။

သူမ ချက်ချင်းပင်လက်နှစ်ဖက်ဆုပ်၍ဦးညွတ်လိုက်၏။

'ခေါင်းခြံ ဝင်းပိုင်ရှင်ကို ဂါရဝပြုပါတယ်ရှင်—

ဟုလည်း ပြောလိုက်လေသည်။

မှန်ပေသည်။

ရောက်လာသည့်အဘိုးအိုမှာ ခေါင်းခြံ ဝင်းပိုင်ရှင် ချောင်ကျောင် ဖြစ်ပါသည်။

ချောင်ကျောင်က....

'ဘယ်သူများလဲမှတ်တယ်၊ ချူအိမ်တော် သခင်မကိုး



'ဟုတ်ပါတယ်ရှင်၊ ဦးက ဒီတောင်ပေါ်ကို ဘယ်လို အကြောင်းနဲ့ ရောက်လာရတာလဲရှင်—

ချူမူက ခပ်တည်တည်ပင်မေးလိုက်သည်။

ချောင်ကျောင်၏မျက်နှာ တင်းမာသွားသည်။

'ကျုပ် ဘာကြောင့် ဒီနေရာမှာ ရောက်နေရသလဲဆိုတာ သိချင်ရင် ကျုပ်နောက်ကို လိုက်ခဲ့ပါ...

ဟုပြော၍ ချာခနဲလှည့်ထွက်သွား၏။ ချူမူလည်း ဘာကို မှုမှုမထားဘဲ လိုက်သွား၏။

သူမ၏ ဖခင်အတွက် အရေးကြီးသည်မဟုတ်ပါလား။...

ချောင်ကျောင်နောက်သို့ လိုက်ခဲ့ရာ မကြာပါပေ၊ ရွှေလက် ဝါးဂူ ကျိုးချုပ်၏ ဂူသို့ ရောက်ရှိလာသည်။

x x x

ရွှေလက်ဝါးဂုိဏ်းချုပ်၏ဂုဗ်မာန်

ထိုဂူမှာ ကြီးမားခန့်ညားသည့် အဆောက်အဦတစ်ခု ဖြစ်သည်။

အဆောက်အဦ၏ဗဟိုခန်းမဆောင်အတွင်း၌ လှပခန့်ထည် စွာပြုလုပ်ထားသည့် အုတ်ဂူတစ်ခုရှိသည်။

ကျန်အဆောင်အခန်းတို့၌ ရွှေလက်ဝါးဂိုဏ်းချုပ် ကျင်ယုံ သက်ရှိထင်ရှားရှိစဉ်က အသုံးပြုခဲ့သည့် အသုံးအဆောင် ပစ္စည်းတို့ရှိနေသည်။

အနီရောင် ဆေးသုတ်ထားသည့် အခန်းတစ်ခုမှာမူ ဂိုဏ်းချုပ် ကျင်ယုံ၏ သီးသန့် စာဖတ်ခန်းဖြစ်ပြီး နာမည်ကျော် ရွှေလက်ဝါးသိုင်းကျမ်း သိမ်းဆည်းထားရာ အခန်းလည်းဖြစ်၏။

ချူမူနှင့် အိမ်ထိန်းတို့ အဆောင်အတွင်းသို့ရောက်လာကြသည့်အခါ ချူအိမ်တော်မှလူတစ်စုံတစ်ယောက်မှမတွေ့ရပေ။

ချူမူမနေနိုင်တော့ဘဲ....



'ကျွန်မဖေဖေ ဘယ်မှာလည်း....

ဟုမေးလိုက်သည်။

ချောင်ကျင်က...

'မင်းအဖေအကြောင်း သိချင်ရင် သူတို့ကို မေးကြည့်ပေတော့'

ဟုပြောလိုက်သည်။

အဆောင်ထဲမှ ထွက်လာသူတို့မှာ ၃ ဦးဖြစ်၏၊ ထို ၃ ဦးမှာ ပန်းတောင်ကုန်းပိုင်ရှင် မေဝါ၊ ကျီဂေဟာသခင် ကျီစန်နှင့် ဝမ်ကျေးရွာပိုင်ရှင်ဝမ်လုံတို့ဖြစ်ကြသည်။

ရွှေလက်ဝါးဂိုဏ်း၏ အရေးပါသည့် ဌာနကြီး ၅ ခုမှ အကြီးအကဲ ၄ ဦးစလုံး ရောက်ရှိနေသည်ကို တွေ့ရသည့်အခါ အံ့ဩစရာကောင်းလှသည်။

အကြီးအကဲ ၄ ဦးသည် တည်ကြည်သည့်မျက်နှာဖြင့်ရှိနေကြ၏။

ချူမှူက ဦးညွှတ်လိုက်သည်။

'အကြီးအကဲများကို ဂါရဝပြုပါတယ်ရှင်၊ ကျွန်မရဲ့ ဖေဖေ တာဝန်ယူထားရတဲ့အချိန်မှာအကြီးအကဲများဒီနေရာကို ရောက်ရှိနေတဲ့အတွက် အံ့သြမိပါတယ်....

'အရေးကြီးတဲ့ ကိစ္စတစ်ခုခု ပေါ်ပေါက်နေပြီဆိုတာလဲ နားလည်ပါတယ်၊ ကျွန်မဖေဖေနဲ့ တွေ့ပါရစေရှင်—

ဟု လေးလေးစားစားပြောလိုက်သည်။

မေဝါက

'မိန်းကလေးကချူသခင်ရဲ့သတင်းကြားလို့လိုက်လာတာ ထင်ပါရဲ့'

ဟု ပြောလာသည်။

ချူမှူက—

'မှတ်ပါတယ်ရှင်....



မေဝါက....

'ချူသခင်ဟာ ဘယ်သူမှမလုပ်ရဲတဲ့အလုပ်တစ်ခုကို လုပ်ခဲ့တယ်၊ ဒါကြောင့်....

သူမသည်ရှေ့ဆက်မပြောဘဲ စကားကိုတစ်ပိုင်းတစ်စနှင့် ရပ်လိုက်သည်။

ချောင်ကျင်က....

'ဂိုဏ်းချုပ်ကြီး ကွယ်လွန်တဲ့အချိန်မှာ ဂိုဏ်းချုပ်ကြီးရဲ့ ရွှေလက်ဝါးသိုင်းကျမ်း ကျန်ခဲ့တာကို မိန်းကလေး သိမယ် ထင်ပါတယ်—

ချူမှူက....

'ဟုတ်ကဲ့၊ သိပါတယ်ရှင်—

ချောင်ကျင်က....

'ရွှေလက်ဝါး သိုင်းကျမ်းကို သူရထိုက်တယ်၊ ငါရထိုက်တယ်နဲ့ ကျုပ်တို့ ၅ ယောက် စကားများခဲ့ကြတာရော မင်း သိတယ်မဟုတ်လား....

'ဟုတ်ကဲ့၊ သိပါတယ်ရှင်....

'နောက်ဆုံး ဘယ်သူရထိုက်တယ်ဆိုတာကို မဆုံးဖြတ်နိုင်သေးသမျှ ဘယ်သူမှရယူဖို့မကြိုးစားဘဲ ရွှေလက်ဝါး သိုင်းကျမ်းကိုကျုပ်တို့ ၅ ဦးနက ၃ နှစ်စီ အလှည့်ကျ တာဝန်ယူစောင့်ရှောက်ဖို့ ဆုံးဖြတ်ခဲ့ကြတာကိုရော....

'ဒါတွေကို ကျွန်မသိပါတယ်ရှင်....

ချောင်ကျင်က....

'တခြားလူတွေ စောင့်ရှောက်စဉ်က ဘာမှမဖြစ်ဘဲ အခု မင်းအဖေတာဝန်ယူရတဲ့အချိန်ကျမှ ရွှေလက်ဝါးသိုင်းကျမ်း ပျောက်ဆုံးခဲ့တာကိုရော မင်း ဘယ်လိုပြောမလဲ—

'ရှင်'

မမျှော်လင့်သည့်စကားကို ကြားရလျှင် ချူမူ ပါးစပ်အဟောင်းသားဖြစ်သွားရသည်။

သူမလုံးဝမယုံနိုင်အောင်ဖြစ်သွားရသည်။



'ရွှေလက်ဝါးသိုင်းကျမ်း ပျောက်သွားတယ်ဟုတ်လား'

ဟု မေးလိုက်လေသည်။

ချောင်ကျင်က....

'ဟုတ်တယ်...

'အို...မဖြစ်နိုင်တာရှင်....

'စောင်းပြီ၊ မဖြစ်နိုင်ဘူးဆိုရင် ကျုပ်အသိုင်းကျမ်းသိမ်းထားတဲ့နေရာကို လိုက်ပြပါမယ်....

ပြောပြောဆိုဆို ခေါ်သွားရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်—

'သူ့ကို ခေါ်သွားစရာမလိုပါဘူး....

ကျိဂေဟာပိုင်ရှင် ကျိုစန်၏အသံ ထွက်လာ၏။ ချူမူ လှည့်ကြည့်လိုက်သည့်အခါ ကျိုစန်က မကျေမနပ်နှင့်ရှေ့သို့ တိုးလာ၍

'မိန်းကလေး မင်းက မယုံရအောင် ကျုပ်တို့ကလိမ်ပြော နေတယ်လို့ထင်သလား....

ဟု အော်ပေါက်လာသည်။

ချူမူက

'ကျွန်မတဦးတို့လိမ်ပြောတယ်လို့ပြောတာမဟုတ်ပါဘူး၊ ဖေဖေဒီလိုလုပ်လိမ့်မယ်ဆိုတာကိုမယုံလို့ပြောတာပါ'

သူမ၏စကားကြောင့်ကျော်စန်စိတ်ဆိုးပြေသွားလေသည်။

'အေး....သူ ဒီလိုလုပ်လိမ့်မယ်လို့ ဘယ်သူကမှ မထင်ဘူး၊ ခြံ့ဝင်းရဲ့ အနောက်တော်သာ လာပြီး သတင်းမပို့ရင် ဘယ်သူမှတောင်သိကြမှာမဟုတ်ဘူး-

အကယ်၍...

ရွှေသက်ပေါ်းသိုင်းကျမ်းကို ဌာနတစ်ခုမှ တာဝန်ယူထားသည်ဆိုလျှင် ကျန်ဌာန ၄ ခုမှ အနီးကပ် စောင့်ကြည့်ရန် အထောက်တော် တစ်ဦးစီကို တာဝန်ပေးထားရလေသည်။



ကျော်စန်က ဆက်ပြောသည်။

'ခြံ့ဝင်းက အနောက်တော်က အထက်ရှင်လျက်နဲ့ လာ၍ သတင်းပို့နိုင်တာတော့မဟုတ်ဘူး...

ချောင်ကျင်က—

'ဟုဘ်တယ်၊ ကျုပ်ဆီကို သေလုမျောပါးဒဏ်ရာနဲ့ရောက်လာတာ၊ သူက သတင်းပို့ပြီးတာနဲ့သေသွားခဲ့တာပဲ-

'မင်းရဲ့အဖေ သစ္စာဖောက်ပြီဆိုတာကိုသိတာနဲ့ ကျုပ်လဲ မိတ်ဆွေတွေကိုအကြောင်းကြားပြီး ချက်ချင်း လိုက်ခဲ့တာ...

အိမ်ထိန်းက....

'ကျုပ်ရဲ့သခင်ကြီး သစ္စာဖောက်တယ်ဆိုတာကို ဘယ်လို သက်သေအထောက်အထားပြနိုင်သလဲ..

ဟု ဝင်မေးလိုက်သည်။

ဤတွင်

ကျ ိစန်ရော ချောင်ကျင်ပါ ရုတ်တရက် အဖြေမပေးနိုင်အောင် ဖြစ်သွားကြသည်။

သူတို့၏မျက်နှာတို့သည် ခက်ထန်တင်းမာသွားကြသည်။

အခြေအနေမဟန်မှန်းသိသဖြင့်ချူမှုအကြားဝင်လိုက်ရ၏၊

ချူမှုသည် ချောင်ကျင်ကို ဦးညွတ်လိုက်ပြီး....

'ကျွန်မရဲ့ဖေဖေကို ခဏပဲဖြစ်ဖြစ်တွေ့ခွင့်ပြုပါရှင်'

ဟု တောင်းပန်လိုက်သည်။

ချောင်ကျင်က...

'မဖြစ်ဘူး၊ ခုတောင်မှ ရွှေလက်ဝါးသိုင်းကျမ်းပျောက်နေတာ ရှာမတွေ့ဘူး၊ မင်းအဖေ ဘယ်မှာဝှက်ထားသလဲဆိုတာ မေးရဦးမှာ...

ချူမှုက ..

'ကျွန်မက ကူညီပြီးမေးပေးမယ်ဆိုရင်ရော....



ချောင်ကျင် ကြောင်အမ်းအမ်းဖြစ်သွားသည်။

'မင်းတကယ်ပြောတာလား...

ဟုမေး၏။

သူမက

'တကယ်ပြောတာပါရှင်—

ချောင်ကျင်ကကျ ိစန်တို့ဘက်သို့လှည့်၍..

'မိတ်ဆွေတို့ ဘယ်လိုသဘောရသလဲ—

ဟုမေး၏။

ကျ ိစန်က ခေါင်းညိတ်သည်။

'ကောင်းပြီ၊ သူ့အဖေမတရားလုပ်တာကိုသိရအောင် တွေ့ပေးလိုက်ပါ'

သူမ ဝမ်းသာသွားသည်၊

ဖခင်ဖြစ်သူနှင့် တွေ့ခွင့်ပေးမည်ဟုမထင်မိပေ၊ ထိုသို့ တွေ့ခွင့်ပေးခြင်းက သူမအဖို့ ကံကောင်းသည်ဟု ဆိုနိုင်ပေသည်၊

အမှန်ဆိုလျှင် သူမကို တွေ့ခွင့်မပေးဘဲနေရမည်ဖြစ်သည်၊

သူမက ဦးညွှတ်၍....

'ဦးရွဲကျေးဇူးကို ဘယ်တော့မှမမေ့ပါဘူးရှင်....

ဟု ပြောလိုက်သည်။

ချောင်ကျင်က....

'ကျုပ်နောက်ကိုလိုက်ခဲ့ပါ....

ဟုပြော၍လမ်းပြခေါ်ဆောင်သွား၏။ သူမသည်းနောက်မှလိုက်သွားသည်။

၀ ၀ ၀



အနောက်ဖက်အဆောင်၌အခန်းတစ်ခုကိုယာယီ အချုပ်ခန်းအဖြစ် ပြုပြင်ပြောင်းလဲထားသည်။

ထိုအချုပ်ခန်း၌ အစောင့်တို့ထူထပ်စွာချထား၏၊ ချောင်ကျင် ရောက်လာသည်ကိုတွေ့လျှင် အစောင့်တို့က ဂါရဝပြုကြသည်။

ချောင်ကျင်က....

'တံခါးဖွင့်လိုက်စမ်းဟေ့ —

ဟု အမိန့်ပေးလိုက်သည်၊

အစောင့်တို့က ချက်ချင်းပင် အချုပ်ခန်း တံခါးကို ဖွင့်ပေးလိုက်ကြသည်။

ချောင်ကျင်က အချုပ်ခန်းထဲသို့ ဝင်လိုက်၏၊ သူမလည်း လိုက်ဝင်လေသည်။

အခန်းထဲသို့ရောက်လျှင် အခန်းနံရံ၌ သံကြိုးတို့နှင့် ချည်နှောင်ထားသည့် ချူလ်ကို တွေ့လိုက်ရသည်။

ချူလိမှာ ခေါင်းငိုက်စိုက်ကျနေသည်။

သူ၏အဝတ်အစားတို့ စုတ်ပြဲကာ ထစ်ကိုယ်လုံး ဖူးယောင်ပေါက်ပြဲနေသည်။

ဖခင်၏အဖြစ်ကို တွေ့မြင်ရလျှင် သူမရင်ထဲ နင့်သွားသည်၊

'ဖေဖေ....

ဟုခေါ်ကာ ပြေးသွားလေသည်။

ချောင်ကျင်က မလှမ်းမကမ်း၌ရပ်၍ လက်ပိုက်၍ အခြေအနေကို ကြည့်နေသည်။

ချူလိသည် သမီးဖြစ်သူ၏ အသံကို ကြားရသည့်အခါ ချက်ချင်း ခေါင်းထောင်လာသည်။

သူမကိုတွေ့လျှင်...

'သမီး'

ဟု ဝမ်းနည်းစွာခေါ်လာ၏။



သူမက

'ဖေဖေ၊ ဘယ်လိုဖြစ်ရတာလဲ ဖေဖေရယ်....

ဟု မချိတင်ကဲရေရွတ်လိုက်သည်။

ချူလိက

'သမီး၊ ဖေဖေ့ကို မတရားလုပ်ကြခဲ့ကြပြီ...

ဟုပြော၏။

သူမက

'ဘာတွေဖြစ်လို့လဲဖေဖေရယ်....

ဟု မေးလိုက်သည်။

ချူလိက...

'လွန်ခဲ့တဲ့ ၂ ရက်က ဖေဖေတို့အားလုံး ညစာစားချိန်မှာ မေ့ဆေးအခတ်ခံလိုက်ရတယ်၊ ဖေဖေတို့ သတိရလာတော့ သိုင်းကျမ်းထားတဲ့အခန်း ပွင့်နေပြီး သိုင်းကျမ်း ပျောက်ဆုံး

နေတာကိုတွေ့ရတယ်၊ ကခြေကြောင်းရင်းမှန်ကို စုံစမ်းကြည့်တဲ့ အခါမှာ ဓားခြ ဝင်းက အထောက်တော် ပျောက်နေပြီး သူ့ရဲ့လက်ချက်ဆိုတာ သိလိုက်ရတယ်..

ဟု ပြောလေသည်။
'အဟမ်း'

ချောင်ကျောင်က ချောင်းတစ်ချက်ဟန့်လိုက်သည်။ သို့သော် ဘာမှမပြောဘဲနေလေသည်။

ချူလီက ဆက်ပြောသည်။

'မကြာပါဘူး ဓားခြ ဝင်းကလူတွေရောက်လာပြီး ဖေဖေ့ကိုမတရားစွပ်စွဲပြီး တိုက်ခိုက်တော့တာပဲ၊ ဖေဖေရဲ့လူတွေ အားလုံးသေကုန်ကြတယ်၊ ဖေဖေဟာ မေ့ဆေးမိထားတဲ့ အရှိန်ကြောင့် အတွင်းအားကို သုံးမရလို့ သူတို့နဲ့မယှဉ်နိုင်ဘဲ အပမ်းခံလိုက်ရတယ်၊ ခုဆိုရင်ဖေဖေရဲ့ သိုင်းပညာကျွံအသုံး ပြုလို့မရအောင်ဖျက်ဆီးပစ်လိုက်ကြပြီ'

'ဖေဖေ'



ချူမူအထိတ်တလန့် အော်လိုက်လေသည်။

ချူလီက—

'သမီးဖေဖေပြောတာကိုသေသေချာချာနားထောင်ပါ၊ ထင်ယန်ဂိုဏ်းကို အရောက်သွားပါ၊ ထင်ယန်ဂိုဏ်းချုပ်ရဲ့ အသက်ကို ဖေဖေ တစ်ကြိမ် ကယ်တင်ခဲ့ဖူးတယ်၊ သူ့ကို အကျိုးအကြောင်းပြောပြပြီး အဖြစ်မှန် ဖော်ထုတ်နိုင်အောင် အကူအညီတောင်းပါ၊ သမီးမြန်မြန်သွားပေတော့'

ဟု ပြောလေသည်။

ချူမူအာ ချောင်ကျောင်ကိုလှည့်ကြည့်လိုက်လေသည်၊

ချောင်ကျောင်ပြုံးလိုက်သည်။

'သူ့စကားတွေကို မင်းယုံကြည်နေတာလား'
ဟု ပြောကာလေသည်၊
ချူမူခံပြင်းသွားလေသည်။

'ဖေဖေ့ စကားကိုမယုံရင် ကျွန်မ ဘယ်သူ့စကားကိုယုံ ကြည်ရမှာလဲ'

ဟု ပြန်ပြောလိုက်လေသည်၊

'ဟား ဟား ဟား'

ချောင်ကျင်က ရယ်မောလိုက်သည်။

'မင်းက မင်းအဖေရဲ့စကားကို ယုံကြည်တယ်ဆိုရင် ကျုပ်တို့ရဲ့ရန်သူဖြစ်သွားလိမ့်မယ်'

ချူမူက....

'ကိစ္စမရှိပါဘူးရှင်၊ ဖေဖေတောင်သည်လောက်ဒုက္ခရောက်နေမှ ကျွန်မက ဘာကိုကြောက်နေရဦးမှာလဲရှင်'

ချောင်ကျင် သက်ပြင်းချလိုက်လေသည်။

'မိန်းကလေး... မင်းက ကျုပ်တို့ကို အထင်လွဲနေတာ မကောင်းပါဘူး၊ မင်းအဖေနဲ့ပတ်သက်ပြီး စိတ်ချပါ၊ အမှန်အတိုင်းဖြစ်စေရမယ်လို့ ကျုပ်တာဝန်ယူပါတယ်၊ အရေးအကြီးဆုံးကတော့ ရွှေလက်ဝါးသိုင်းကျမ်း ဘယ်ရောက်နေပြီလဲဆိုတာကို သိရဖို့ပါပဲ'

ချူမူက....

'ရှင်ယူထားတာပဲမဟုတ်လား'

ဟု မေးပြန်လေသည်။

ချောင်ကျင်က—



'မိန်းကလေးကျုပ်အပေါ်မှာ တစ်နေ့တော့ နားလည်သဘောပေါက်လာလိမ့်မယ်လို့ ကျုပ် မျှော်လင့်ပါတယ်၊ မိန်းကလေး ထင်ယန်ကိုဏ်းကို သွားချင်သွားပါ၊ အဖြစ်မှန်ဖော်ထုတ်ဖို့ကြိုးစားမယ်ဆိုတာကို ကျုပ်အားပေးပါတယ်၊ ဒါမှပျောက်ဆုံးနေတဲ့သိုင်းကျမ်း ပြန်ရမယ်မဟုတ်လား'

ချူမူသည်ချောင်ကျင်ကိုကြည့်ကာ မည်သို့ပြောရမှန်းမသိအောင်ဖြစ်သွားလေတော့သည်။

ချောင်ကျင်က...

'မင်းအဖေပြောတဲ့စကားတွေ ဘယ်သူ့ကိုမှ လျှောက်မပြောပါနဲ့၊ မင်းအတွက်အန္တရာယ်ဖြစ်လာနိုင်တယ်၊ မင်းက သိုင်းကျမ်းကို ပြန်တွေ့အောင်ကူညီမယ်လို့သာပြောပါ'

ဟု မှာကြားလေသည်။

ချူမူက....

'ကောင်းပါပြီ၊ ဒါဖြင့်ကျွန်မတစ်ခုလောက် မေးပါရစေရှင်'

ချောင်ကျင်က—

'မေးပါ

ချူမူက—

'ကျွန်မဖေဖေကို ဘယ်တော့ပြန်လွှတ်ပေးမှာလဲဆိုတာကို သိပါရစေရှင်'

ဟု မေးလိုက်လေသည်၊

ချောင်ကျင်က....

'ရွှေလက်ဝါးသိုင်းကျမ်းကို ပြန်တွေ့တာနဲ့ သူ့ကိုလွှတ်ပေးပါ့မယ်'

ချူမူ သက်ပြင်းချလိုက် သည်။

ထိုစဉ်

'သမီး သည်လူယုတ်မာစကားကိုမယုံနဲ့'

ချူလီက အော်ပြောလာလေသည်။

ချူမူက လှည့်ကြည့်လိုက်လေသည်။

ချောင်ကျင်က....

'ကဲပါမိန်းကလေးရယ် သွားကြပါစို့'

ဟုပြောကာ ချူမူအား အခန်းအပြင်ထွက်ရန် လက်ဟန်ပြလိုက်လေသည်။ ချူမူရင်ထဲ ရှုပ်ထွေးနောက်ကျိနေသည်။

သို့သော်



သူမလည်း ဖခင်အားလှည့်ကြည့်လိုက်ပြီး လှည့်ထွက်လာခဲ့လေသည်။

X X X

ချူမူ၏စကားဆုံးသွားပြီဖြစ်လေသည်၊

ကုစင်ဟိုနှင့်လူပုလေးတို့တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြလေသည်။

ကုစင်ဟိုက....

'ခင်ဗျား ဘယ်လိုသဘောရသလဲ'

ဟု မေးလိုက်လေသည်။

လူပုလေးက....

'လူတစ်ယောက်မှာ နားနှစ်ဘက်ရှိတာက အတော်ခက်တာပဲ'

ဟု ပြောလေသည်။

ချူမှုက အနေအခြေအနေစောင့်ကြည့်နေလိုက်သည်။လူပုလေး က ဆက်ပြောလိုက်လေသည်။

'ကျုပ်တို့ဟာ ဓားခြ ဝင်းကလူတွေ သိုင်းလောကထဲမှာ ပြောနေတဲ့စကားတွေကိုကြားခဲ့ရပြီးပြီ၊ ခုတဖန် မိန်းကလေး ပြောတဲ့စကားတွေကို ကြားခဲ့ရပြန်ပြီ၊ ခက်တာက ဘယ်သူ့ စကားကိုယုံရမယ်လို့ ရုတ်တရက် ဝေခွဲလို့မရနိုင်တာပဲ'

ကုစင်ဟိုက....

'ဟုတ်ပါတယ်ဗျာ၊ ကျုပ်သဘောအတော့ ဓားခြ ဝင်း ပိုင်ရှင်နဲ့ရော အဖမ်းခံနေရတဲ့ ချူသခင်ကြီးနဲ့ ကော တွေ့ပြီး မေးမြန်းစုံစမ်းလိုက်ရင် အဖြေပေါ်လာလိမ့်မယ်ထင်တယ်'

လူပုလေးက....

'ခင်ဗျားသဘောပဲလေ'

ဟု ပြောလိုက်လေသည်။

ကုစင်ဟိုက....



'မိန်းကလေးကော ဘယ်လိုသဘောရသလဲ'

ဟု လှမ်းမေးလာလေသည်။

ချူမှုက....

'ဓားခြ ဝင်းကလူတွေဟာ ကြေးစားငှားပြီး ကျွန်မရဲ့ ကိုယ်ရံတော်တွေကို သုတ်သင်ရှင်းလင်းပစ်ခဲ့ရုံမကဘဲ ထင်ယန်ဂိုဏ်းကိုလဲ ဖျက်ဆီးပစ်လိုက်ကြပါပြီ၊ သည်ကိစ္စကိုရှေ့ ဦးတို့ထည့်သွင်းစဉ်းစားကြစေချင်ပါတယ်'

ဟု ပြောလိုက်လေသည်။

ကုစင်ဟိုက....

'ဒါဟာ ဓားခြဝင်းရဲ့လက်ချက်ဆိုတာကို မိန်းကလေး ဘယ်လိုလုပ်ပြီး ပြောနိုင်သလဲ၊ သက်သေအထောက်အထား ပြနိုင်သလား'

ဟု ပြန်မေးလိုက်သည်။

ချူမှုက....

'ကျွန်မကြုံတွေ့ခဲ့ရတာလား'

သူမတွေ့ခဲ့ရသည့်အဖြစ်အပျက်များကို ပြောပြလိုက်သည်။

ထင်ယန်ဂိုဏ်း၌ သူမထက်အလျင် ခေါင်းခြံဝင်းမှ လူတစ်ယောက် ရောက်နှင့်နေပြီး သူမအား ထင်ယန်ဂိုဏ်းမှ သတ်မခံဘဲ မောင်းထုတ်ခဲ့ပုံ၊ သူမအား လိုက်လံလုပ်ကြံကြံပုံနှင့် မျက်လုံးစိမ်းနှင့် လူသတ်သမားအကြောင်း ပြောပြလိုက်၏။

ကုစင်ဟိုတို့ အံ့ဩသွားကြသည်။

ကုစင်ဟိုတို့ အံ့ဩသွားကြသည်။

'မျက်လုံးစိမ်းနဲ့ လူသတ်သမား ဟုတ်လား'

'ဟုတ်ပါတယ်ရှင်၊ တော်တော် ကြောက်စရာကောင်းပါတယ်'

လူပုလေးက မျက်မှောင်ကြုတ်အာ....

'မျက်လုံးစိမ်းရှိတဲ့လူ အတော်ရှားတယ်၊ လူသတ်သမားတစ်ယောက်ဆိုတော့ ပိုပြီး စိတ်ဝင်စားစရာကောင်းတယ်၊ နေဦး ကျုပ်စဉ်းစားကြည့်ဦးမယ်'



ချူမူနှင့် ကုစင်ဟိုတို့က စောင့်ကြည့်နေလိုက်ကြသည်။

အတော်ကလေးကြာတော့မှ လူပုလေး လှုပ်လှုပ်ရှားရှား ဖြစ်လာလေသည်။

ဦးခေါင်းခါယမ်းရင်း....

'မဖြစ်နိုင်ဘူး၊ မဖြစ်နိုင်ဘူး'

ဟု ရေရွတ်လိုက်လေသည်။

ကုစင်ဟိုက....

'ဘာတွေမဖြစ်နိုင်တာလဲ ပြောစမ်းပါဦး'

ဟု မေးလိုက်သည်။

လူပုလေးက....

'ဘယ်နည်းနဲ့မှမဖြစ်နိုင်ဘူးဗျ'

'ဘာတွေမဖြစ်နိုင်တာလဲ ပြောစမ်းပါဦး'

'ဪ မျက်လုံးစိမ်းနဲ့ လူဆိုတာပါ၊ အဲ့သည်လူစားမျိုးတွေဟာ တောင်ပင်လယ်ဒေသမှာသာ တွေ့ရတတ်တဲ့လူစားမျိုးတွေမို့ပဲ'

'ဟင်'

ကုစင်တအံ့တသြဖြစ်သွားသည်။

ချူမူကား စိတ်ခေတ်တက်ကြွလာလေသည်။

'ဟုတ်တယ်၊ သူဟာ မီးလက်ဝါးသိုင်းပညာကိုလဲ တတ်မြောက်ထားတယ်၊ တောင်ပင်လယ်သိုင်းဘီလူးရဲ့တပည့်ဖြစ်ရမယ်လို့ ပြောပါတယ်'

'ဟော....

လူပုလေးနှင့်ကုစင်တို့ မယုံနိုင်အောင် ဖြစ်သွားကြသည်။

သူတို့သည် ချူမူအားမျက်လုံးပြူးအကြည့်လိုက်ပြီးလျှင်

'မင်းပြောတဲ့အမှန်ပဲနော်'

ဟု မေးလာကြလေသည်။



ချူမူက—

'ကျွန်မအမှန်အတိုင်းပြောတာပါရှင်'

ကုစင်က

'မိန်းကလေးပြောတဲ့အတိုင်းဆိုရင်အတော်ကိုလေးနက်တဲ့ကိစ္စတစ်ခုဖြစ်လာပြီ၊ တောင်ပင်လယ် သိုင်းဘီလူးကတော့သေဆုံးသွားတာကြာပြီ၊ သူနဲ့ပတ်သက်တဲ့လူတစ်ယောက်က မကျေနပ်လို့သိုင်းလောကကိုနှောင့်ယှက်ဖို့ ကြိုးစားနေတာလဲ ဖြစ်နိုင်တာပဲ'

လူပုလေးက....

'ရွှေလက်ဝါးဂိုဏ်းချုပ်ရော သိုင်းဘီလူးရဲ့ တပည့်ရော သိုင်းလောကမှာ ပြန်ပေါ်လာပြီဆိုရင်'

သူက စကားတစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်၏။

ချူမူက

'ဒါကြောင့် ကျွန်မက ကဗျာဆရာကို တွေ့ချင်တာပါ၊ ဒီကိစ္စတွေကို သူပဲ ဖြေရှင်းပေးနိုင်ပါလိမ့်မယ်'

ကိုစင်က

'ခက်တာက ကဗျာဆရာဟာ သိုင်းလောကနဲ့ မပတ်သက်တော့တာပဲ၊ သူ့ကိုသွားပြီး အကူအညီတောင်းဖို့ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်တော့ဘူး'

ချူမူက

'သိုင်းလောကတစ်ခုလုံး ပျက်စီးသွားရမယ် ဆိုရင်တော့ သူဆ လက်ပိုက်ကြည့်နေမှာလား'

ကုစင် သက်ပြင်းချလိုက်၏။

ချူမူက

'ကျွန်မ ကဗျာဆရာနဲ့ သွားတွေ့ပါရစေရှင်၊ ကျွန်မကို ကူညီပါ'

ဟု တောင်းပန်လေသည်။
ကုစင်က
'ဒါတော့ မဖြစ်ဘူး'



'ဦးရယ်၊ ဒီကိစ္စကို ကဗျာဆရာအကူညီမှာပါ၊ ကျွန်မကို ထမ်းညွန်ပေးပါ'

သူမ အကြိမ်ကြိမ်တောင်းပန်သော်လည်း ကုစင်က ဘာမှ မပြောချေ။

လူပုလေးက သက်ပြင်းအခါခါချနေသည်။

ကြာသော် သူမ စိတ်ပျက်လာသည်။

'ဦးတို့ မကူညီနိုင်ဘူးဆိုရင်လဲ ကျွန်မထိုက်နဲ့ ကျွန်မကံ ရှိပါစေတော့ရှင်၊ ကျွန်မကိုခွင့်ပြုပါဦး'

စကားဆုံးလျှင် ချာခနဲလှည့်ထွက်လာသည်။

ကုစင်နှင့် လူပုလေးတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်ပြီး ဘာမျှမပြောကြချေ။

ချူမူသည် အိမ်ပေါက်ဝသို့ရောက်သောအခါ၌ ခြေလှမ်းရပ်၍ နောက်ပြန် လှည့်ကြည့်လေသည်။

ကုစင်တို့ မလှုပ်မယှက်ရှိနေပါသည်။

ချူမူ ခေါ်ပွသွားသည်။

'ဟွန့်...ငါ့ကိုမကူညီကြဘူးဆိုရင်လဲ ငါ့ဘာသာ အကူအညီလိုက်ရှာတော့မယ်'

ဟု စိတ်ထဲမှရေရွတ်ကာ ခြေသံပြင်းပြင်းနှင်းပြီး ထွက်ခဲ့လေသည်။

သို့ဖြင့် အိမ်အပြင်သို့ ရောက်သောအခါ

x x x

## လမ်းညွှန်

---

ချူမူသည် အိမ်အပြင်သို့ ရောက်လာပြီဖြစ်သည်၊

ကုစင်တို့အ မကူညီဘဲ လိုက်ပိုက်ကြည့်နေသဖြင့် မကျေမနပ် ဖြစ်မိသည်၊

သူတို့သည် ကဗျာဆရာအကြောင်းကို ကောင်းစွာ သိထားရှမည်ဟုလည်း ယုံကြည်မိသည်။

သူမသည် ကိုယ့်အားကိုယ်ကိုးတော့မည်ဟု ဆုံးဖြတ်ကာ ထွက်သွားရန် ဟန့်ပြင်လိုက်ချိန်မှာပင်....

'ဟူး'

မလှမ်းမကမ်းမှ လူရိပ်တစ်ခု ဖြတ်သွားသည်ကို တွေ့လိုက်ရသည်။

ချူမူ ရင်ထိတ်သွားသည်။

ကဗျာအယာကြည့်လိုက်ရာ အပြာရောင်ဝတ်ထားသူ တစ်ဦးသည် သစ်ပင်များသို့ တိုးဝင် ပျောက်ကွယ်သွားသည်ကို မြင်လိုက်ရလေသည်။

ချူမူ မျက်မှောင်ကြုတ်သွား၏။
'ဘယ်သူပါလိမ့်'
သူ့ရင်ထဲ စိုးရိမ်လာသည်။

သူမအား အပြာရောင်ဝတ်ထားသည့် မျက်နှာစိမ်းနှင့်လူက လိုက်လံဒုက္ခပေးနေသည်မှာ ကြာပြီမဟုတ်ပါလော။

ထိုလူသည် ခေါ်ခြင်းမှ လူများထက်ပင် ကြောက်စရာကောင်းသူဖြစ်ကြောင်း နားလည်လာသည်။

သစ်ပင်တို့ကြား၌ သေသေချာချာ ရှာကြည့်သည်။



မည်သည့် လူရိပ်မရောင်မျှ မတွေ့ရချေ။

ချူမူ ဆက်ပြင်းချလေသည်။

'ငါ့ အမြင်မှားတာ ဖြစ်ပါလိမ့်မယ်'

ဟု တွေးကာ ဆက်သွားရန် ဟန်ပြင်လေသည်။

သို့သော်

ခြေလှမ်း လေးငါးလှမ်းမျှလှမ်းပြီးသည်နှင့် ခြေလှမ်းတုံ့ခနဲရပ်သွားသည်။

ချက်ချင်းပင် အဆောက်အဦးဆီသို့ ပြေးသွားလေသည်။

Z Z Z

အိမ်ထဲ၌ တိတ်ဆိတ်နေသည်။

ကုံစနှ၌ လူပုလေးတွဲ မျက်နှာချင်းဆိုင်ထိုင်နေ၏။

သူတို့သည် ခြေသံကျယ်လောင်စွာဖြင့် ဝင်လာသည့် သူမကိုတွေ့လျှင် လှည့်ကြည့်လေသည်။

ချူမူ ခြေလှမ်းရပ်သွားသည်။

သူမ ကြောင်တောင်တောင်ဖြစ်သွားသည်။

'ဟို....ဟို'

သူမ ထစ်ထစ်ငေါ့ငေါ့ဖြင့် မည်သို့ပြောရမှန်းမသိအောင်ဖြစ်သွားသည်။

ကုစင်က

'မိန်းကလေး ဘာများမေ့ကျန်ခဲ့လို့လဲ'

ဟု မေးလာသည်။
ချူမူက
'ဘာ....ဘာမှမဟုတ်ပါဘူးရှင်'

ကုစင်က
'ဒါဖြင့်'
'ကျွန်မကို ခွင့်ပြုပါဦး'



ချူမူကနှုတ်ဆက်ကာ ထွက်သွားရန် ဟန်ပြင်လေသည်။

ထိုစဉ်
'မိန်းကလေး ခဏနေပါဦး'
လူပူလေးက တားလိုက်သည်။

ချူမူကြည့်လိုက်၏။
လူပုလေးက

'မိန်းကလေးဟာ အကြောင်းတစ်ခုခုရှိလို့ ပြန်လာခဲ့တာမဟုတ်လား'

ဟု မေးလေသည်။
ချူမူက
'ဟုတ်ပါတယ်ရှင်'

'ဘယ်လိုအကြောင်းလဲဆိုတာ ပြောသွားဦးမှပေါ့ကွယ်'

ချူမူက

'မျက်လုံးစိမ်းဟာ ဒီနေရာကို ရောက်လာပြီ'

'ခြောင်'

လူပုဆေးက ကုစင်အားကြည့်လိုက်သည်။

ကုစင်က
မျက်လုံးစိမ်းဟုတ်လား'
'ဟုတ်တယ်'

'သူ ဒီနေရာကိုရောက်နေပြီဆိုရင် ဘာကြောင့် ကျုပ်တို့ကို လာမတွေ့တာလဲ'

ချူမ ဟိုဟိုဒီဒီကြည့်လိုက်သည်။
ထိုစဉ်မှာပင်
'ကျုပ် ရောက်နေပါပြီ'

စကားသံတစ်ချက် ထွက်ပေါ်လာသည်။

လူတစ်ယောက် အိမ်ထဲဝင်လာသည်ကို တွေ့ရလေသည်။

x x x



လူတစ်ယောက် အိမ်ထဲဝင်လာသည်။

ထိုလူမှာ အပြာရောင်အဝတ်အစားများ ဝတ်ဆင်ပြီး သူ၏မျက်လုံးတို့သည် အစိမ်းရောင်ဖြစ်နေသည်ကို တွေ့ရ၏။

ထိုလူမှာ မိမိ၏လူယုံတော်များအား လုပ်ကြံသတ်ဖြတ်ခဲ့သည့် လူသတ်သမားဖြစ်ကြောင်း သိလိုက်ရလျှင် ချူမူသည် ဒေါသထွက်သွားသည်။

'လူယုတ်မာ သေပေတော့'

ဟု ကြုံးဝါး၍ ပြေးဝင်တိုက်ခိုက်ရန် ဟန်ပြင်လေသည်။

ထိုစဉ်
'နေဦး'

လူပုလေးသည် ချက်ချင်း အနီးသို့ရောက်လာပြီး ချူမူကို ဟန့်တားလေသည်။

ချူမူက

'ကျွန်မကိုလွှတ်ပါ၊ ဒီလူယုတ်မာကို ကျွန်မရင်ဆိုင်ရမယ်'

လူပုလေးက

'ကျုပ်စကားနားထောင်ပါဦး၊ ကျုပ်တို့က မင်းကိုကူညီဖို့ စဉ်းစားထားကြပါတယ်'

ဟု ဖျောင်းဖျလေသည်။

ကုစင်ကလည်း ထိုင်ရာမှထလာသည်။

မျက်လုံးစိမ်းက မလှုပ်မယှက်ရပ်နေသည်။

မည်သူ့ကိုမျှ အမှုမထားသည့်အသွင်မျိုး ဖြစ်သည်။

ကုစင်က

'ကျုပ်က ကုစင်ပါ၊ မင်းဘယ်သူလဲဆိုတာ ပြောပြနိုင်မလား'

ဟု မေးလေသည်။
မျက်လုံးစိမ်းက
'ကျုပ်က လူသတ်သမား'



'ဘာ....ဘယ်လို'
'ကျုပ်က လူသတ်သမားပါ'
'ဩော်'

'ကုစင် ခေါင်းတဆတ်ဆတ်ညိတ်လေသည်၊

'လူသတ်သမား တစ်ယောက်အတွက် လူသတ်ရတယ်ဆိုတာ အကြောင်းတော့ရှိမှာပေါ့နော်၊ မင်းမှာကော ဘာလဲလို အကြောင်းများရှိနေသလဲဆိုတာ ပြောစမ်းပါဦး'

ဟု မေးလေသည်။

မျက်လုံးစိမ်းက

'ကျုပ်က သိုင်းလောကက နာမည်ကျော်သိုင်းသမားတွေအားလုံးကို သုတ်သင်ပစ်ဖို့ ဆုံးဖြတ်ထားပါတယ်ဗျာ'

ထိုစကားကြားလျှင်

'ဟား—ဟား....ဟား'

လူပုလေးက ရယ်မောလေသည်။

မျက်လုံးစိမ်း၏မျက်လုံးတို့ ပို၍ အေးစက်သွားသည်ဟု ထင်ရသည်။

လူပုလေးက ရှေ့သို့ထွက်လိုက်သည်။

ကုစင်က လက်ပိုက်ကြည့်နေ၏။

လူပုလေးသည် မျက်လုံးစိမ်းနှင့် လက်တစ်ကမ်းအကွာ၌ ရပ်ကာ....

'မင်း..လူသတ်ကောင်ဆိုတာ ကျုပ်သိပြီ၊ ကျုပ်ကရော ဘယ်သူလဲဆိုတာ မင်းသိလား'

ဟု မေးလိုက်သည်။

မျက်လုံးစိမ်းက ဘာမှမပြောဘဲ နေလေသည်။

လူပုလေးက

'မင်းသိအောင် ကျုပ်ပြောပြရဦးမယ်၊ ကျုပ်က လူသတ်သမားကို ဆုံးမတဲ့လူ...

ဟု ပြောပြီး ရယ်မောလေသည်။



ကုစင်က ပြုံးလေသည်။

ထိုလူက

'ကျုပ်ကတော့ ခင်ဗျားကို ခွေးပစ်တဲ့တုတ်တစ်ချောင်းလောက်ပဲ တန်ဖိုးထားတယ်....

ထိုစကားကြောင့်

'ဘာ....

လူပုံလေး ဆက်၍မရယ်နိုင်တော့ပါ။

မျက်နှာကြီးနီအောင် ဒေါသထွက်လေသည်။

'ကောင်းပြီ၊ ခွေးပစ်တဲ့တုတ်က ဘယ်လောက်စွမ်းတယ်ဆိုတာ တွေ့ရမယ်....

စကားဆုံးလျှင် ထိုလူထံ ပြေးဝင်တိုက်ခိုက်လေသည်။

z z z

လူပုသော်လည်း သူ၏ထိုက်ခိုက်မှုမှာ ကြောက်စရာကောင်း အောင် ပြင်းထန်လှသည်။

လူပုလေး၏ လက်ချက်ဖြင့် ထိုလူ လဲကျသေဆုံးမည်ဟု ထင်ရလေသည်။

သို့သော်

'သွားစမ်း'

ထိုလူ၏အော်သံ ထွက်ပေါ်လာသည်။

သူက လက်တစ်ဖက်ဆန့်ထုတ်၍ လက်ဝါးဖြင့်ရိုက်ချလိုက် သည်နှင့် —

'ဝုန်း —

'အား-

စူးရှသောအော်သံ ထွက်ပေါ်လာသည်။

လူပုလေးမှာ အဝေးသို့ လွင့်စဉ်သွားသည်။

x x x



'ဟင် —

'ဟာ....

ချူနှင့် ကုစင်တို့ကို လွှတ်ခနဲအော်လိုက်သည်။

လူပုလေး၏လက်ချက်ဖြင့် ထိုလူ ခံလိုက်ရမည်ဟု ယုံကြည် ထားကြ၏။

ယခုတော့

လူပုလေးသည် ကြမ်းပြင်ပေါ်တွင် လဲနေသည်။

ကုစင်က ချက်ချင်းသတိဝင်လာသည်

ဘိုကဲ့ဦးအား မျက်လုံးပြူးကြည့်ကာ

'မင်း —

ထိုလူက

'ခင်ဗျား ဒီအတိုင်းနေတော့မှာလား'

ဟု ပြောလေသည်။

၆

ကုစင်ကို ခံပြင်းသွားသည်။

'စိတ်ချ၊ မင်းကိုဆုံးမမယ်'

စကားဆုံးလျှင် မျက်လုံးစိမ်းထံ ပြေးဝင် တိုက်ခိုက်၏၊

မျက်လုံးစိမ်းက လက်ဆန့်ထုတ်အား ထက်ဝါးဖြင့် ရိုက်ချလိုက်သည်။

ကုစင်တို့က ရှောင်တိမ်းဖို့ကြိုးစားလိုက်သည်။

သို့သော်–

မျက်လုံးစိမ်း၏ လက်ဝါးက သူ၏ ရင်ဝကိုတည့်မတ်စွာ တိုးဝင်သွားသည်။

'စုန်း'

'အား'.

စူးရှသော အော်ဟစ်သံများထွက်ပေါ်လာသည်။

ကုစင် အဝေးသို့ လွင့်စင်သွားလေသည်။

z z z



ယခု

လူပုလေးရော ကုစင်ပါ ကြမ်းပြင်ပေါ် လှဲနေပြီဖြစ်၏။

နှစ်ယောက်စလုံး မလှုပ်မယှက်ဖြစ်နေသည်။

သူတို့၏နှုတ်ခမ်းထောင့်မှ သွေးများစီးကျနေ၏၊

သူတို့ သေဆုံးသွားကြပြီထင်ရလေသည်၊

ထိုလူလည်း မလှုပ်မယှက်ရပ်နေသည်။

သူ၏ အေးစက်သောမျက်လုံးများက သူမအား ကြည့်နေလေသည်။

သူမ၏ခြေလက်များ အေးလာသည်၊

တစ်ကိုယ်လုံး တောင့်တင်းလာသည်။

ထိုလူသည် သူမ မျှော်လင့်ထားသည်ထက်ပင် ကြောက်စရာကောင်းသူတစ်ယောက်ဖြစ်နေသည် မဟုတ်ပါလား။

သူမကိုလည်း ချမ်းသာမပေးဘဲ သုတ်သင်ရှင်းလင်းပစ်လိမ့်မည်ဟု ယုံကြည်ထားသည်။

သူမ အံတင်းတင်းကြိတ်လိုက်၏၊

'ကျွန်မ ကြောက်မယ်လို့ထင်သလား....

ဟုကြုံးဝါးလိုက်သည်။

ထိုနောက် မျက်လုံးစိမ်းထံသို့ ပြေးဝင်တိုက်ခိုက်ရန်ပြင်သည်။

သို့သော်

'မင်းသေဖို့ အချိန်မတန်သေးဘူး....

မျက်လုံးစိမ်းကအေးတိအေးစက်ပြောလာသည်။

စကားဆုံးသည့်အခါ ချွန်နဲ့လှည့်ထွက်သွား၏၊

ချူမူမှာ ပါးစပ်အဟောင်းသားနှင့်ကျန်ခဲ့သည်။



မျက်လုံးစိမ်းသည် အဘယ်ကြောင့် သူမကို အသက်ရှင်လျက်ထားခဲ့သနည်း။

သူမ သတိဝင်လာသည့်အခါ မျက်လုံးစိမ်း မရှိတော့ပေ။

x x x

မျက်လုံးစိမ်း ထွက်သွားပြီဖြစ်သည်။

အချိန်မည်မျှကြာသွားသည်မသိ—

'အင်း....အင်း'

ညည်းတွားသံထွက်လာမှ ချူမူ သတိဝင်လာသည်။

လှည့်ကြည့်မိသည့်အခါ ကုစင်ကလှုပ်လှုပ်ရွရွဖြစ်လာသည်ကိုတွေ့ရ၏။

'ဦး'

ချူမူ ကဗျာဆရာပြေး၍ပေးမလိုက်သည်။

ကုစင်က

'တူမကြီး၊ သူ...သူဟာ သိုင်းဘီသူးနဲ့ပတ်သက်နေတယ့်ဆို တာအမှန်ပဲ၊ သိုင်းလောကကို ဖျက်ဆီးလိမ့်မယ်....

ဟု အားယူ၍ပြော၏။

သူသည် ချူမူ၏ပြောစကား မှန်ဆန်ကြောင်း သဘော ပေါက်သော်လည်းနောက်ကျသွားပြီဖြစ်သည်။

ချူမူစိတ်မကောင်းဖြစ်မိသော်လည်းဘာမှမတတ်နိုင်ပေ။

ကုစင်ဏ

'တူမကြီး သူ့ကို ကဗျာဆရာကပဲဟန့်တားနိုင်လိမ့်မယ်..

ချူမူက—

'ဟုတ်ပါတယ်၊ ကဗျာဆရာ ဘယ်မှာရှိမယ်ဆိုတာ ပြော ပြနိုင်ရင် ပြောပြပါလားရှင်....



ဟုမေးလိုက်သည်။

ကုစင်ဏ

'ကဗျာဆရာဟာ ချယ်ရီတောင်ကုန်းမှာရှိတယ်၊ အမြန် ရောက်အောင်သွားပါ—

ဟု လမ်းညွှန်ပေးလေသည်။

ချူမူဝမ်းသာသွားသည်။

သူမတွေ့လိုသည့် ကဗျာဆရာနှင့် တွေ့ရတော့မည် မဟုတ် ပါလား။

ဖခင်ဖြစ်သူကို ကယ်တင်နိုင်တော့မည်ဟုလည်း ယုံကြည် ထား၏။

ကုစင်ဆ

'ချယ်ရီတောင်ကုန်းအနီးမှာ ရွာလေးတစ်ရွာရှိတယ်၊ အဲဒီကို အရောက်သွားနိုင်ရင် သူ့ကိုမင်းတွေ့ရပါလိမ့်မယ်

ဟုပြော၏။

ချူမှူက

'ကျေးဇူးတင်ပါတယ်ရှင်၊ ဆရာ့ဆရာကိုတွေ့အောင်ရှာပြီး မျက်လုံးစိမ်းကို ဆုံးမနိုင်အောင် ကြိုးစားပါမယ်၊ ဦးလေး ဘာမှမပူနဲ့၊ သမီးတော်ကို ရောက်အောင်ပို့ပေးပါမယ်....

ကုစင်အ ချောင်းတဟွတ်ဟွတ်ဆိုးလာသည်။

'ဝေါ့'

ပါးစပ်ထဲမှ သွေးတို့ အန်ထွက်လိုက်သည်။

ထိုနောက် ခေါင်းငိုက်စိုက်ကျ၍သေဆုံးသွားလေသည်။

Z Z Z

## အပြောင်းအလဲ

---

နေမွန်းတည့်တော့မည်ဖြစ်သည်။

လမ်းဆုံလမ်းခွတစ်နေရာ၌စားသောက်ဆိုင်လေးတစ်ဆိုင် ရှိနေ၏။

ချူမှူသည်နဖူးပေါ်မှချွေးများကိုသုတ်ရာ စားသောက်ဆိုင်လေးအား လှမ်းကြည့်လိုက်လေသည်။

သူမသည် ကုစင်ထံမှထွက်လာပြီး ချယ်ရီတောင်ကုန်းသို့ ဦးတည်ခရီးနှင်လာခြင်း ဖြစ်လေသည်။

ခရီးပြင်းနှင့်လာခဲ့ရသည်ဖြစ်ရာ အအိပ်ပျက် အစားပျက်ဖြစ်နေပြီး စားသောက်ဆိုင်ဈေးအားတွေ့လိုက်ရသောအခါ ဝမ်းဗိုက်ထဲ၌ တကြုတ်ကြုတ်မြည်ကာဆာလောင်လာသည်။

ခရီးတစ်ထောက်နားကာစားသောက်ရန်ဆုံးဖြတ်လိုက်လေသည်။

ချူမူ စားသောက်ဆိုင်ထဲသို့ ဝင်ရောက်လိုက်သောအခါ လူရှင်းနေသည်ကိုတွေ့ရသဖြင့် ကျေနပ်သွားလေသည်။

စားသောက်ဖွယ်ရာများမှာကြားကာ စားသောက်လိုက်လေသည်။

သူမစားသောက်နေစဉ်မှာပင် အခြားသော စားသောက်သူများ တစ်ယောက်ပြီးတစ်ယောက်ဝင်ရောက်လာကြသည်။

ခရီးသည်များ၊ ကုန်သည်များ၊ သိုင်းသမားများပါဝင်နေကြသည်ကို တွေ့ရလေသည်။

ဆိုင်ထဲ၌တစ်ခဏအတွင်း လူပြည့်သွားတော့၏။

ချူမူသည် စားသောက်ပြီးစီးသွားပြီဖြစ်၍ ဆိုင်ထဲမှထွက်သွားရန်ဟန်ပြင်လိုက်လေသည်။



ထိုစဉ်မှာပင်ဆိုင်ထဲသို့ဝင်လာသူတစ်စုကိုတွေ့လိုက်ရသဖြင့် ရင်ထိတ်သွားပြီး ကပျာကယာပြန်ထိုင်နေလိုက်သည်။

ဆိုင်ထဲဝင်လာသူများမှာ ငါးယောက်ဖြစ်ပြီး ထိုလူများသည် ကျိခဂဟာမှလူများဖြစ်ကြောင်း သူမသိရှိလိုက်သည် မဟုတ်ပါလား။

ကျိခဂဟာမှလူများသည် သိုင်းလောကထဲသို့ ထွက်လာကြသည်မှာ အဘယ်ကြောင့်ပါနည်း။

'သူတို့ဟာ ငါ့ကိုလိုက်ရှာနေကြတာများလား'

ဟု တွေးလိုက်မိသည်။

သူမအား မတွေ့မမြင်ရလေအောင် ခေါင်းငုံ့ထားလိုက်လေသည်။

ကျိခဂဟာမှလူများ ဆိုင်ထဲရောက်လာသည်နှင့် ပြဿနာပေါ်ပေါက်လာလေတော့သည်။

ထိုလူများသည် ထိုင်စရာနေရာမရှိသဖြင့် မကျေမနပ် ဖြစ်သွားပြီး ဆိုင်လုလင်များအားခေါ်ယူကာ အော်ဟစ်ကြိမ်းမောင်းလိုက်ကြလေသည်။

ဆိုင်လူရှင်များက ကျေနပ်အောင်တောင်းပန်ကြလေ၏။

သို့တိုင် ကျေနပ်ခြင်းမရှိဘဲ....

'တော့ ငါတို့အတွက် ဘာကြောင့်နေရာမရှိရမှာလဲ၊ ဆိုင်ထဲမှာရှိတဲ့လူတွေဆို မောင်းထုတ်ပစ်လိုက်စမ်း'

ဟု ကျယ်လောင်စွာ ပြောကြလေသည်။

ထိုလူများ၏အသံကြောင့် အချို့သော စားသောက်နေကြသူများသည် ကြောက်လန့်ကာ ထွက်ပြေးကြလေတော့သည်။ ထိုအခါ နေရာလွတ်များဖြစ်ပေါ်လာရကား....

'ဟား ဟား ဟား'
'ဟား ဟား ဟား'

ကျီဂေဟာမှ သိုင်းသမားငါးယောက်အသဘောကျစွာ ရယ်မောလိုက်ကြသည်။

သူတို့သည် နေရာလွတ်များတွင် ဝင်ရောက် နေရာယူလိုက်ကြလေသည်။



ထိုနောက် စား သောက် ဖွယ် ရာ များ မှာ ကြား စားသောက်လိုက်ကြသည်။

ချူမူ သက်ပြင်းချလိုက်လေသည်။

'ကျီဂေဟာအလူတွေဟာ သိုင်းလောကအကျိုး၊အများအကျိုး သည်ပိုးဆောင်ရွက်နေကြသူတွေပါ၊ ခုတော့ သူတို့ဟာ လူရမ်းကားတွေဖြစ်နေကြပါလား'

ဟု စိတ်ထဲ ရေရွတ်လိုက်လေသည်။

ကျီဂေဟာမှ သိုင်းသမား ငါးယောက်အား ဘာကိုမျှ အမှုမထားကြချေ။

အားရပါးရစားသောက်ရင်း တစ်ယောက်တစ်ပေါက် ဆူညံစွာ အော်ဟစ်ပြောဆိုနေကြလေသည်။

တစ်ယောက်က....

'ငါတို့ဟာ အခုမှပဲ လွတ်လွတ်လပ်လပ် ဖြစ်သွားတော့တယ်၊ ကျီဂေဟာရဲ့စည်းကမ်းချက်တွေ ပြောင်းလဲသွားတာကို သဘောကျတယ်ဟေ့'

ဟု ပြောလေသည်။

အခြားတစ်ယောက်က ထောက်ခံလိုက်သည်။

'ဒါပေါ့ကွာ၊ ခုမှပဲ လွတ်လွတ်လပ်လပ်နေရတယ်၊ လုပ်ချင်ရာလုပ်နိုင်တယ်၊ ငွေလဲများများရတယ်၊ မကြာခင် ကျံဂေဟာ သိုင်းလောကသားတွေ အကြောင်းသိသွားအောင် လက်မထောင်ပြဦးမှာ'

ထိုသို့ တစ်ယောက်တစ်ပေါက် ပြောဆိုနေကြစဉ်မှာပင် လူတစ်ယောက်ဆိုင်ထဲသို့ ဝင်လာသည်။

ထိုလူသည် ကျံဂေဟာမှလူများကို ကြည့်လိုက်ပြီး....

'မင်းတို့က သည်မှာရောက်နေကြတာကိုး'
ဟုပြောကာ လှမ်းသွားလိုက်သည်။
ချူမူ လှမ်းကြည့်လိုက်မိသည်။

ထိုလူကိုမြင်လျှင် အံ့သြဝမ်းသာသွားသည်။
'ထင်ကျိပါလား'
ဟု ရေရွတ်လိုက်မိလေသည်။

ထင်ကျိသည် ထင်ယန်ဂုံဏ်း ပျက်စီးသွားပြီ ဆိုသောသတင်းကြောင့် သူမနှင့်လမ်းခွဲကာ ထွက်သွားခဲ့ခြင်းဖြစ်လေသည်။



ချူမူသည် ထင်ကျံအား လှမ်းခေါ်ရန် ဟန်ပြင်ပြီးမှ မခေါ်ဘဲနေလိုက်လေသည်၊

ထင်ကျိကိုမြင်လျှင် ကျံဂေဟာမှ သိုင်းသမားများ၏ အသံတိတ်ဆိတ်သွားသည်။
ထင်ကျိအား လှမ်းကြည့်လာကြသည်။

ထင်ကျိက..

'ထင်ယန်ဂိုဏ်းကို တိုက်ခိုက်ခဲ့ပြီးမှတော့ ရှောင်နေလို့ မရပါဘူးဆော'
ဟု ပြောလိုက်လေသည်။

ကျံဂေဟာမှ လူတစ်ယောက်က....

'မင်းဟာ ထင်ယန်ဂိုဏ်းကလား'
ဟု ပြန်မေးလေသည်။
ကျိထင်က...

'ဟုတ်တယ်၊ ကျုပ်ဟာ ထင်ယန် ဂုံဏ်းချုပ်ရဲ့သား ထင်ကျံပဲ'
ဟု ပြောလိုက်သည်။

ဤတွင် ကျိုဂေဟာမှ သိုင်းသမားများသည် ဝုန်းခနဲ ထရပ်လာကြသည်။

ထင်ကျိုက ပတ်ဝန်းကျင်ကို တစ်ချက်ဝေ့ကြည့်လိုက်ပြီး.

'ဆိုင်ထဲမှ သူတစ်ပါးအတွက် အနှောင့်အယှက်ဖြစ်မယ်၊ ဆိုင်အပြင်ဘက်ကိုထွက်လိုက်ရအောင်'

ဟုပြောဆော ပေါ့ပါးစွာခုန်ထွက်သွားလေသည်။

'ဟေ့ ပြေးဖို့တော့ မကြံနဲ့'

ကျိုဂေဟာမှလူများက အော်ဟောက်ရင်း ချက်ချင်း လိုက်သွားကြသည်။

ချူမူလည်း မနေနိုင်တော့ဘဲ ပြတင်းပေါက်မှတဆင့် အပြင်ဘက်ခုန်ထွက်လိုက်သည်။

x x x



စားသောက်ဆိုင်လေးနှင့် မထွမ်းမကမ်းတွင် မြေကွက် တစ်ခုရှိလေသည်။

ထင်ကျိုသည် မြေကွက်လပ်သို့ရောက်လျှင် ခြေလှမ်းရပ် လိုက်သည်။

ကျိုဂေဟာမှသိုင်းသမားများလည်း ရပ်လိုက်ကြ၏။

ငါးယောက်သား ထင်ကျိုအား ဝိုင်းရံထားလိုက်သည်။

ထင်းကျိုက....

'ကျိုဂေဟာကသိုင်းလောကမှာ အဖြူရောင်အဖွဲ့အစည်း အဖြစ် ထင်ရှားကျော်ကြားခဲ့တယ်၊ ခုတော့ ဆန့်ကျင်ဘက် အသွင်ပြောင်းပြီး လူဆိုးဓားပြဂိုဏ်းတစ်ခုလို ဖြစ်သွားပြီ'

ဟု ပြောလိုက်လေသည်။
'ဟား ဟား ဟား'

ကျိုဂေဟာမှလူများက ရယ်မောလိုက်ကြသည်။

တစ်ဖန် တစ်ယောက်ကရှေ့သို့လှမ်းထွက်လိုက်ပြီး....

'ကျိုဂေဟာက သိုင်းလောကမှာ ဩဇာဖြန့်ဖို့ ရည်ရွယ်ထားပြီးပြီ၊ ထင်ယန်ဂိုဏ်းကို ဆုံးမလိုက်တာဲ ပထမဆုံးပဲ၊ ခုလဲ ချယ်ရိကျေးရွာကိုသွားပြီး ဆုံးမကြမလို့ ခင်ဗျားအကျုပ်တို့နောက်ကိုလိုက်လာတာဥ ကံဆိုးတာပဲ'

ဟု ပြောလိုက်သည်။

'သိုင်းလောကကိုဖျက်ဆီးရင် သိုင်းလောကရဲ့ ဒဏ်ခတ်ခံရလိမ့်မယ်၊ မင်းတို့ကို ကျုပ်ကဆုံးမပြမယ်'

စကားဆုံးသည်နှင့် စတင်တိုက်ခိုက်လိုက်သည်။

'ယား'

ကျိုဂေဟာမှ သိုင်းသမားငါးယောက်ကလည်း ချက်ချင်း ပြန်လည်တိုက်ခိုက်လိုက်ကြသည်၊

မြေကွက်လပ်တွင် ပြင်းထန်သော တိုက်ပွဲတစ်ခုဖြစ်ပေါ်လာသည်။



ထင်ကျိုအ ပြင်းပြင်းထန်ထန်တိုက်ခိုက်လိုက်သောအခါ—

'ဝုန်း'

'အား'

'အမယ်လေး'

'သေပါပြီဗျ'

စူးရှသောအော်ဟစ်သံများ တခဲနက် ထွက်ပေါ်လာ၏။

ကျိုဂေဟာမှသိုင်းသမားငါးယောက်မှာ အပေးသို့လွင့်စင်သွားကြသည်။
ထင်ကျို မချိပြုံး ပြုံးလိုက်သည်၊

'ထင်ယန်ဂိုဏ်းကိုဖျက်ဆီးခဲ့တဲ့အတွက် ဘယ်လိုအပြစ်ဒဏ်ခံရမက်ဆိုတာ မင်းတို့သိစေရမယ်'
ဟု ကြုံးဝါးလိုက်သည်။

ချူမူသည် သစ်ပင်တစ်ပင်ပေါ်မှနေ၍ စောင့်ကြည့်၍နေခဲ့ခြင်းဖြစ်လေသည်။

ထင်ကျုံအနိုင်ရသည်ကို မြင်လျှင် သစ်ပင်ပေါ်မှ ခုန်ဆင်းရန် စာန့်မြင်လိုက်သည်။

'ထိုစဉ်မှာပင်...

'မင်း တော်တော်သတ္တိကောင်းပါလား'

စကားသံတစ်ချက် ထွက်ပေါ်လာသည်။

ချူမူအံ့ဩသွားသည်။

သစ်ပင်ပေါ်မှမဆင်းသေးဘဲ စကားသံထွက်ပေါ်လာရာ ဆီသို့ လှမ်းကြည့်လိုက်သည်။

ထိုအခါ

အဘွားအိုတစ်ဦးက လှမ်းလာနေသည်ကို တွေ့မြင်ရ၏။

ထိုအဘွားအိုကိုမြင်လျှင် ချူမူရင်ထိတ်သွားသည်။

'ပန်းတောင်ကုန်းက ပန်းမယ်တော်ပါလား....

ဟု ရေရွတ်လိုက်မိသည်။



ပန်းမယ်တော်....

ပန်းမယ်တော်သည် ပန်းတောင်ကုန်းပိုင်ရှင်၏ အဒေါ် ဖြစ်ပြီး သူမ၏ဖခင် ချူလီနှင့် အဆင့်တူ သိုင်းသမားတစ်ဦး ဖြစ်သည် မဟုတ်ပါလား....

မယ်တော်ကို တွေ့ရလျှင် ကျုံဂေဟာမှသိုင်းသမားတို့ဝမ်း သာသွားကြသည်။

'မယ်တော်ကိုဂါရဝပြုပါတယ်....

ဟု ဦးညွတ်၍ ပြိုင်တူပြောလိုက်ကြသည်။

မယ်တော်က...

'မင်းတို့ရဲ့ဆရာရော...

ဟုမေး၏၊

ကျုံဂေဟာမှလူတစ်ဦးက...

'ဆရာ ချယ်ရီကျေးရွာသွားပါတယ်ခင်ဗျာ....

မယ်တော်က....

'မင်းတို့က ဘာလို့လိုက်မသွားကြတာလဲ—

ဟုပြောလျှင် ထိုလူ ၅ ဦး ခေါင်းငုံ့၍နေလိုက်ကြသည်။

မယ်တော်က....

'မင်းတို့ဆရာ စိတ်ပူနေမယ်ဆိုတာ မင်းတို့ မသိဘူးလား၊ သွား=မြန်မြန်သွားကြ....

'ကောင်းပါပြီခင်ဗျာ....

ကျိုဂေဟာမှ သိုင်းသမား ၅ ဦးသည် ချက်ချင်းပင် ပြေးလွှားသွားကြသည်။

မယ်တော် တစ်ဦးတည်းသာ ကျန်ခဲ့မှ ထင်ကျိ ဘက်သို့ လှည့်၍

'မင်းက ထင်ယန်ဂိုဏ်းကလား—

ဟုမေး၏။



ထင်ကျိက—

'ဟုတ်ပါတယ်....

'ထင်ယန်ဂိုဏ်း ပျက်စီးတာကြောင့် မင်းက မကျေမနပ် ဖြစ်နေတာလား—

'ဘာဗျ'

ထင်ကျိ ခံပြင်းမိသည်။

မယ်တော်ကို စိုက်ကြည့်၍....

'ခင်ဗျားတို့ပန်းတောင်ကျွန်းကို တခြားလူဖျက်ဆီးခဲ့ရင် ခင်ဗျား ဘယ်လိုသဘောရမလဲ....

ဟု ပြန်မေးလိုက်သည်။

ဟား—ဟား....ဟား....

မယ်တော်က ဟားတိုက်ရယ်၍....

'ပန်းတောင်ကျွန်းကို ဘယ်သူက ဖျက်ဆီးရဲလို့လဲ—

ဟုစပြော၏။

ထင်ကျော်က ...

'ကျုပ်က ပန်းတောင်အနုန်းကိုရော ကျော်ဂေဟာကိုပါ ဖျက်ဆီးပစ်မယ်ဆိုတာမှတ်ထားပါ...

မယ်တော်က....

'ကောင်းပြီ၊ မင်းဘယ်လောက်တတ်နိုင်မလဲကြည့်ရသေးတာပေါ့'

စကားဆုံးလျှင် တောင်ဝှေးကို မြေပေါ်ဆောင့်၍ တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

ထင်ကျော်လည်း ပြန်လည်တိုက်ရန်ဟန်ပြင်သည်။

ထင်ကျော်သည် မယ်တော်ကို မည်သည့်နည်းနှင့်မျှမယှဉ်နိုင်မှန်း ချူမှု သဘောပေါက်သည်။

ထို့ကြောင့်



'ရပ်လိုက်'

ဟုအော်၍ သစ်ပင်ပေါ်မှခုန်ချလိုက်သည်။

Z Z Z

ချူမှုက လျှပ်တပြက်ခုန်ချလာ၍ မြေကွက်လပ်သို့ ရောက်လာ၏။

သူမကိုတွေ့ရလျှင် ထင်ကျော် အံ့ဩဝမ်းသာရသည်။

'ညီမ'

ဟု ခေါ်လိုက်သည်။

ချူမှုက

'အစ်ကို ဘာမှမပူနဲ့....

သူမအား ထင်ဂျိန့်ငှ် ပခုံးချင်းယှဉ်၍ရပ်လိုက်ပြီး....

မယ်တော်ကိုကြည့်၍–

'ရှင်တို့မတရားလုပ်ချင်တိုင်းလုပ်လို့မရဘူးဆိုတာမှတ်ပါ၊

ဟု ပြောလိုက်သည်။

မယ်တော်အား ချူမူကိုမြင်လျှင် အံ့ဩသွားသည်။

'ညည်းကို'

ဟု ရေရွတ်လိုက်သည်။

သူမအား

'ဟုတ်ပါတယ်၊ကျွန်မအဖေကိုမတရားစွပ်စွဲပြီးဒုက္ခပေးခဲ့တာမို့ ဖြေရှင်းဖို့ ကျွန်မအား အကူအညီလိုက်ရှာနေတာပါ–

'အကူအညီရဖို့မစေားတော့ဘူး၊ ရှင်တို့ရဲ့ မတရားတဲ့ လုပ်ရပ်ကို သိုင်းလောကတစ်ခုလုံး၊သိအောင် ဖော်ထုတ်ပြမှာပါ'



သူမ၏စကားအဆုံး၌....

'ဟား....ဟား ..ဟား ....

မယ်တော်အား ရယ်လိုက်သည်။

သူမ၏ရယ်သံက ငှက်ဆိုးထိုးသံပမာကျယ်လောင်စွာထွက်လာ၏၊

'ညည်း၊တော်တော်စကားတတ်နေပါလား၊ ညည်းအဖေသေပြီဆိုတာ ခုထိမသိသေးဘူးလား—

'ရှင်'

မမျှော်လင့်သည့်စကား၊ ကြားရသဖြင့် သူမ ပါးစပ်အဟောင်းသား ဖြစ်ရသည်။

သူမ မယုံနိုင်အောင်ဖြစ်မိသည်။

'ရှင်....ရှင်....ဘာပြောတယ်၊ ဖေဖေ သေပြီ ဟုတ်လား—

မယ်တော်က....

'ဟုတ်တယ်၊ သူဟာ သိုင်းပညာလှဲ့ဆုံးရှုံးခဲ့ပြီ၊ သူ့ခွဲလုပ်ရပ်က လူတောထဲမတိုးရဲတာမို့ ကိုယ့်ကိုယ်ကို အဆုံးစီရင်ခဲ့တာပဲ'

'ရှင်'

ရှုတ်တရုတ်

သူမ၏မျက်ဝန်းမှ မျက်ရည်တို့ ကျလာသည်။

'ဖေဖေရယ်'

ညည်းတွားရှဲ မြေပေါ်သို့ ဒူးထောက်၍ကျသွားသည်။

'ညီမ'

ထင်ကျော် တပျာအရာဖေးမလိုက်သည်။

'ဟား....ဟား....ဟား....

မယ်တော်အား ဟားတိုက်၍ရယ်မောသည်။



'ချူအိမ်တော်က တင်ယန်ဂိုဏ်းကို သွားပြီး အကူအညီတောင်းတယ်'

'ခုတော့ ချူအိမ်တော်ရော တင်ယန်ဂိုဏ်းပါ လောအကြီးအပျောက်ခဲ့ပြီမဟုတ်လား၊ မင်းတို့ ၂ ယောက်ဘာတတ်နိုင်သေးလဲ'

သူမသည် လုံးဝဂရုမစိုက်ဘဲ ထွက်ခွာရန်ဟန်ပြင်လိုက်၏။

သူမ မခံနိုင်အောင်ဖြစ်မိသည်။

'ရပ်လိုက်'

သူမသည် စုန်းခနဲရုန်ထ၍ အော်လိုက်သည်။

မယ်တော်အာ လှည့်ကြည့်လာသည်။

သူမက

'ရှင်သေဖို့သာပြင်ထား....

ဟုကြုံးဝါး၍ မြေးဝင်တိုက်ခိုက်သည်။

ထင်ကျော်လည်း ပြေးဝင်သည်။

နှစ်ယောက်သားအက်ညီလက်ညီတိုက်ခိုက်ကြခြင်းဖြစ်၏၊

မယ်တော်က

'မင်းတို့ကို ငါ့ကဂရုစိုက်နေရမှာလား–

ဟုပြော၍ တောင်ဝှေးကို မြေပေါ်စိုက်၍ လက်နှစ်ဖက် ဝေ့ယမ်း၍ တိုက်ခိုက်သည်။

မယ်တော်သည် ခေသူမဟုတ်သဖြင့် ထင်ကျော်နှင့် ချူမူ တို့မပေါ့ဆရဲဘဲ ပြင်းပြင်းထန်ထန် တိုက်လိုက်ကြခြင်းဖြစ်၏။

တိုက်ပွဲမှာ ပြင်းထန်လှသည်။

သို့သော်

နှစ်ယောက် တစ်ယောက် တိုက်နေသည့်တိုင် ထင်ကျော်တို့ နှစ်ယောက်မှာ တစ်စထက် တစ်စ အရေးနိမ့်လာကြသည်။



'ဟား...ဟား...ဟား...

မယ်တော်ကရယ်မောလိုက်သည်။

သူမက လက်ဝါးနှစ်ဖက်၌အတွင်းအားစု၍ရိုက်လိုက်လျှင်

'ဝုန်း ဝုန်း'

ကျယ်လောင်သည့်အသံတို့ ထွက်ပေါ်လာသည်။

ထင်ကျော်ရော ချူမူပါ အဝေးသို့ လွင့်စင်သွားကြသည်။

X X X

'ဟား....ဟား....ဟား....

မယ်တော်၏ ကျယ်လောင်သည့်ရယ်သံ ဟိန်းထွက်နေ၏။

သူမသည် ချူမူတို့ကို အနိုင်ယူပြီးသည့်တိုင် အလွတ်ပေးမည့်သဘောမရှိပေ။

မြေပေါ်မှ တောင်ဝှေးကို နှုတ်ယူ၍…

'မင်းတို့နှစ်ဦးကဆူးညှောင့်ခလုတ်ဖြစ်နေပြီ၊ ဒါကြောင့် မင်းတို့ကို ချမ်းသာမပေးနိုင်ဘူး၊ ရှင်းပစ်ရမယ်ဟု ပြော၍ တောင်ဝှေးနှင့်ရိုက်ရန်ပြင်၏၊ ချူမူနှင့် ထင်ကျုံတို့က မြေပေါ်မှ လူးလိမ့်ထလိုက်ကြသည်၊

သို့တိုင်

မယ်တော်၏တောင်ဝှေးရိုက်ချက်ကို ရှောင်နိုင်စွမ်းမရှိပါပေ၊

ထိုစဉ်

'ဝှစ်'

'ခြင်း'

လေတိုးသံတို့ထွက်လာသည်။

လက်နက်ပုန်းဘစ်ခုပစ်လွှင့်လာကာ မယ်တော်၏ တောင်ဝှေးကို ထိမှန်လေသည်။



တောင်ဝှေးကိုင်ထားသည့် မယ်တော်၏လက်မှာ ထုံကျင်သွား၏၊

မယ်တော်သည် လက်ထဲမှတောင်ဝှေး လွတ်မကျရအောင် မနည်း ဆုပ်ကိုင်ထားရသည်၊

သူမသည် ဓာပျာကရာနောက်ဆုတ်၍….

'ဘယ်သူလဲ—

ဟုဒေါသတကြီးအော်လိုက်သည်။

သူမ၏အသံ ကျယ်လောင်စွာထွက်လာသည်။

ထိုအချိန်မှာပင်…

'လူကြီးတစ်ယောက်က ကလေးတွေကို အနိုင်ကျင့်တာ မရှက်ဘူးလား'

စကားသံတစ်ခုထွက်လာသည်၊

သစ်ပင်တို့ကြားမှ လူတစ်ယောက် ထွက်လာသည်ကို မြင်ရ၏။

ထိုလူမှာ အသက် ၅၀ ခန့်ရှိ ခါးကုန်းကြီးတစ်ဦးဖြစ်၏၊

ထိုခါးကုန်းကြီးကိုမြင်လျှင်မယ်တော်မျက်နှာပျက်သွား
သည်။

သူမ ကပျာကယာနောက်ဆုတ်၍....

'ရှင်—ရှင်—ဘယ်သူလဲ-

ဟုမေး၏။

ခါးကုန်းကြီးက—

'ကျုပ်ဘယ်သူလဲဆိုတာအရေးမကြီးဘူး၊ ခင်ဗျား ဒီနေရာက မြန်မြန်ထွက်သွားရင်ကောင်းမှာ—

ဟုမောင်းထုတ်လေသည်။

မယ်တော် ဒေါ်ပွမိသည်။

'ရှင်မောင်းထုတ်ကိုင်း ထွက်သွားရမှာလား....



သူမသည်တောင်ဝှေးကိုဝှေ့ယမ်း၍ လျှပ်တပြက်ရှေ့တိုး၍ တိုက်ခိုက်သည်၊

ခါးကုန်းကြီးက....

'အသက်ကြီးနေပြီ၊ မိုက်လုံးကြီးနေတုန်းပဲလား-

ဟုပြော၍ အသာအယာရှောင်တိမ်းလိုက်သည်၊

ထိုနောက်....

'သွားစမ်း—

ဟုအော်၍ လက်ဝါးနှင့်အသာလျှမ်းပုတ်လိုက်သည်။

'အင့်'

မယ်တော် မသဲမကွဲရေရွတ်၍ဒယီးဒယိုင်နှင့်နောက်ဆုတ်သွားရလေသည်။

ခါးကုန်းကြီးက ဆက်၍တိုက်ခြင်းမပြုပေ။

မယ်တော်က ခပ်လှမ်းလှမ်းသို့ ရောက်သည်အထိ သုတ်သွားပြီးလျှင် ခါးကုန်းကြီးကို မျက်လုံးပြူး၍ ကြည့်သည်။

ခါးကုန်းက—

'ဘယ်လိုလဲ၊ မင်း မသွားသေးဘူးလား၊ ဆက်ပြီး မိုက်တွင်းနက်ချင်လို့လား....

ဟုအော်လိုက်သည်။

မယ်တော် အံကြိတ်လိုက်သည်။

'ရှင်....ဘယ်သူပဲဖြစ်ဖြစ် မကြာခင် ကျွန်မအကြောင်းသိရမယ်'

ဟုကြုံးဝါးလိုက်သည်။

ထို့နောက်

တောင်ဝှေးကို မြေပေါ်ထောက်၍ ပြေးသွားလေသည်။

x x x



မယ်တော် ထွက်ပြေးပြီဖြစ်သည်။

ထင်ကျိနှင့် ချူမူတို့ အသက်ချမ်းသာရသွားသည်ဟုဆိုနိုင်ပါ၏။

ချူမူက ခါးကုန်းကြီးကို လှမ်းကြည့်လိုက်သည်။

ခါးကုန်းကြီးကလဲ သူတို့ကို မျက်မှောင်ကြုတ်၍ ကြည့်နေ၏။

ချူမူက ဦးညွှတ်လိုက်သည်။

'ကျွန်မတို့ကိုကူညီတဲ့ ဦးရဲ့ကျေးဇူးကို ဘယ်တော့မှမမေ့ပါဘူးရှင်'

ဟု ပြောလိုက်သည်။

ခါးကုန်းက....

'ကျုပ်ကို ကျေးဇူးတင်ရင် မင်းတို့ အဝေးကိုထွက်သွား၊ ကြာတာ အကောင်းဆုံးဖြစ်လိမ့်မယ်....

'ရှင်'

'မင်းတို့နှစ်ယောက်စလုံး နောက်ကြောင်းပြန်လှည့်ကြပေ
တော့'

ချူမူက

'အစ်ကို ကျွန်မတို့ ပြန်လို့မဖြစ်ဘူး —

'ဘာဖြစ်လို့လဲ ညီမ....

'ကျွန်မတို့ကို ကူညီနိုင်မယ့်လူ တစ်ဦးပဲရှိတာ၊ ရှေ့ဆက်
မသွားလို့မဖြစ်ဘူး....

ခါးဆုန်းက....

'မင်းတို့ရှေ့ ဆက်မယ်ဆိုရင် ကျုပ်ကမောင်းထုတ်ရမှာပဲ

ဟု တင်းမာခက်ထန်သည့် မျက်နှာထားနှင့် ပြောသည်

သူမက

'ဦးက ဘာကြောင့်ဒီလောက်တားမြစ်နေရတာလဲ၊ ပြော
ပြပါ'



ဟု မေးလိုက်သည်။

ခါးဆုန်းက—

'မင်းတို့ဟာ ရှေ့လက်ဝါးဂိုဏ်းနဲ့ ပတ်သက်နေတဲ့ လူတွေ
ဆိုတာ ကျုပ်သိထားလို့ပါ....

ချူမူနှင့် ထင်ကျော်တို့ တစ်ဦးကိုတစ်ဦး ကြည့်မိကြသည်။

ထင်ကျော်က ဦးညွှတ်လိုက်သည်။

'ဦးက ဘယ်သူဆိုတာ သိခွင့်မရနိုင်ဘူးလားခင်ဗျာ—

ဟု မေးလိုက်သည်။

ခါးဆုန်းက....

'ကျုပ်ဘယ်သူလဲဆိုတာပြောပြလို့လဲအပိုပဲ၊မင်းတို့ သိမှာ
မဟုတ်ဘူး၊ မင်းတို့လှည့်ပြန်တာအကောင်းဆုံးပဲ....

ဟု ခပ်ပြတ်ပြတ်ပြောလေသည်။

ချူမူက

'ဦးက ကျွန်မတို့ကို ကူညီခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ကျွန်မတို့ကို တားနေတာ လက်မခံနိုင်လို့ စိတ်မကောင်းပါဘူးရှင်....

ခါးတုန်းက....

'ကောင်းပြီ၊ မင်းတို့နှစ်ဦး ကျုပ်ကို ကျော်ဖြတ်နိုင်ရင် သွားကြပေတော့–

ဟု ပြော၍ လမ်းပိတ်ထားလိုက်လေသည်။

ချူမူက

'ဝမ်းနည်းပါတယ်ရှင်၊ ကျွန်မတို့ကိုခွင့်လွှတ်ပါ....

စကားဆုံးလျှင် ရှေ့သို့တိုးရန် ဟန်ပြင်၏၊ ထင်ကျိ ချင် ထိတ်သွား၏၊

'ညီမ'

သူမကို ဟန့်တားလိုက်လေသည်။

သူမက



'အစ်ကို၊ ညီမတို့ ချယ်ရီတောင်ကုန်းကိုအရောက်သွားနိုင်ဖို့အရေးကြီးတယ်....

ဟုပြောလိုက်သည်....

ထင်ကျိက—

'ညီမ၊ ပန်းမယ်တော်ဆိုတဲ့အဘွားကြီးကိုတောင် ကျုပ်တို့ မယှဉ်နိုင်တာ သူ့ကို ဘယ်လိုရင်ဆိုင်မလဲ၊ စဉ်းစားကြည့်ပါ၊ သူဟာ အကြောင်းရှိလို့ ကျုပ်တို့ကိုဟန့်တားတာဖြစ်မှာပါ'

ဟုပြောမှ သူမငြိမ်ကျသွားလေသည်၊

ထင်ကျိက ဆက်၍ပြောသည်။

'သူဟာ ကျုပ်တို့ကို ကယ်ခဲ့တယ်၊ သူ့ရဲ့ကျေးဇူးရှိတော့ ရင်ဆိုင်မယ့်အစား သူ့ရှေ့မှာ နောက်ပြန်လှည့်မယ်ပြောပြီး နောက်ကွယ်ကမှ သူမသိအောင် ကွေ့ပတ်ပြီး ရှေ့ခရီးဆက်ကြရင် မကောင်းဘူးလား–

ထိုစကားကြားလျှင် သူမစိတ်ဝင်စားမိလေသည်။

'ဟုတ်တယ်၊ အစ်ကိုပြောသလိုလုပ်ရင် ဖြစ်နိုင်တာဘဲ—

ထင်ကျော်အား—

'ကဲပါ ညီမရယ် ကျုပ်တို့ သွားကြမယ်—

ဟု ပြောလိုက်လေသည်။

သူမလည်း လက်ခံလိုက်လေသည်။

သူမက ခါးကုန်းကြီးကို ဦးညွတ်၍....

'ကျွန်မတို့ သွားတော့မယ်၊ ခွင့်ပြုပါဦးရှင်—

ဟု ပြောလိုက်သည်။

ခါးကုန်းကြီးသည် မဲ့ပြုံးပြုံးလိုက်သည်။

'မင်းတို့နောက်လှည့်ပြန်ကြမယ်ပေါ့ဟုတ်လား..

'ဟုတ်ပါတယ်ရှင်..



'မင်းတို့ တကယ်သွားကြမှာလား—

'တကယ်ပါရှင်—

'မင်းတို့က မသွားဘဲ ကျုပ်မသိအောင်တခြားလမ်းကနေ ကွေ့ပတ်သွားကြမယ်ဆိုရင်ရော

သူမ ရင်ထိတ်သွားလေသည်....

ဒီခါးကုန်းကြီးက အတော်ပါးနပ်ပါလား....

ဟု စိတ်ထဲမှ ရေရွတ်လိုက်လေသည်။

သူမ၏နှုတ်ဖျားမှမူ—

'ကျွန်မတို့ တကယ်သွားကြမှာပါရှင်—

ဟု ပြောလိုက်လေသည်။

ခါးကုန်းကြီးက....

'ကောင်းပြီ၊ တကယ်သွားမယ်ဆိုရင်သွားကြ၊ နောက်ထပ်ခါ မင်းတို့ရဲ့မျက်နှာတွေကိုတွေ့ရရင်မလွယ်ဘူးမှတ်ပါ'

ဟု ဝေါက်လိုက်လေသည်။

သူမက ပြန်ပြောရန် ဟန်ပြင်လိုက်စဉ်—

'ဆာညီမ'

ထင်ကျော်က သူမ၏လက်ကိုဆွဲ၍ ခေါ်သွားလေသည်။

သူမသည်၊ ဘာမှမပြောဘဲလိုက်သွားလေတော့သည်။

—o—

# ရွှေခရီး

ခါးကုန်းကြီး ကျန်ရစ်ခဲ့ပြီဖြစ်သည်။

ချူမူနှင့် ထင်ကျော်တို့သည် ခါးကုန်းကြီး၏ရှေ့ ခပ်သွက်သွက်ထွက်လာခဲ့ကြသည်။

သူတို့သည် ခါးကုန်းကြီးနှင့်ဝေးရာသို့ရောက်လျှင် ချူမူက ခြေလှမ်းရပ်လိုက်သည်။

အနောက်ဘက်သို့ ကြည့်ပြီး
'ခါးကုန်းကြီးတော့ ကျန်ခဲ့ပြီ'
ဟု ပြောလေသည်။

ထင်ကျော်က
'ညီမ ရှေ့ဆက်သွားမလို့လား'
ဟု မေးလေ၏။

ချူမူ ခေါင်းညိတ်လေသည်။
'ဟုတ်တယ်'
'ဖြစ်ပါ့မလားညီမရယ်'

'ဘာကြောင့်မဖြစ်ရမှာလဲရှင်'

ခါးကုန်းကြီးက

'ခုလောက်ဆို သူလဲ ထွက်သွားလောက်ရောပေါ့ရှင်'

ထိုစဉ်

'ဟား... ဟား... ဟား'

ကျယ်လောင်သော ရယ်မောသံ ထွက်ပေါ်လာလေ၏။

အနီးရှိ သစ်ပင်တစ်ပင်ပေါ်မှ လူတစ်ယောက် ခုန်ဆင်းလာသည်ကို တွေ့ရလေသည်။



ထိုလူကိုမြင်လျှင်
'ဟင်... ခါးကုန်းကြီးပါလား'
ချူမူ အထိတ်တလန့်ရေရွတ်မိ၏။

နောက်သို့ ကပျာကယာဆုတ်လိုက်သည်။

ခါးကုန်းကြီး မဲ့ပြုံးပြုံးလိုက်သည်။

'မင်းတို့ ထွက်သွားမယ်ဆိုပြီး ခုထိ ထွက်မသွားကြသေးဘူး မဟုတ်လား'

ဟု ပြောလာသည်။
ချူမူက
'ကျွန်မတို့ ထွက်သွားမလို့ပဲရှင့်'

ခါးကုန်းကြီး ခေါင်းယမ်းလိုက်သည်။

'မလိမ်နဲ့၊မင်းတို့ပြောနေတာတွေ အစအဆုံးကြားပြီးပြီ'

'ရှင်'

'မင်းတို့ဟာ အေးအေးဆေးဆေး ပြောနေတာတောင် ထွက်မသွားချင်တာ ဘာသဘောလဲ'

ချူမူ မကျေမနပ်ဖြစ်သွား၏။

'ရှင်ကရော ဘာကြောင့် ကျွန်မတို့ကို ဒီလောက်တောင် ဟန့်တားချင်ရတာလဲ'

ဟု ပြန်မေးလေသည်။

ခါးကုန်းကြီးက

'မင်းတို့ဟာ ကဗျာဆရာကို သွားရှာကြမယ်ဆိုတာ ငါ သိနေလို့ပေါ့'

ချူမူက

'နေပါဦး၊ ရှင်က ကဗျာဆရာနဲ့ ဘယ်လိုပတ်သက်နေလို့'

'မေးစရာမလိုဘူး၊ မှင်းပါးစပ်စုတ်ထားစမ်း'

'မေးရမယ်၊ ကျွန်မက ကဗျာဆရာကိုသွားရှာမှာ ရှင်ဆာ ဘာကြောင့် မကျေမနပ်ဖြစ်နေတာလဲ'

သူမ၏စကားကြောင့် ခါးကုန်းကြီးခံပြင်းသွားပြီး–



'အေး...မင်းတို့ဟာ ကဗျာဆရာကို သွားပြီး အနှောက်အယှက်ပေးမယ့်လူဆိုတာ သိနေလို့ တမင်ဟန့်တားရတာပဲ'

ဟု ပြောလေသည်။

ချူမူ မြဲလိုက်သည်။

'ကဗျာဆရာနဲ့ တွေ့ချင်တယ်ဆိုတာနဲ့ ကျွန်မကို ဟန့်တားတဲ့လူချည်းပဲ၊ ဒါပေမယ့် ကျွန်မက ဒီနေရာအထိ အရောက်လာနိုင်ခဲ့ပြီဆိုတာ ရှင်မြင်တဲ့အတိုင်းပဲ'

ခါးကုန်းကြီး ခေါင်းခါလိုက်သည်။

'ကျုပ်နဲ့တွေ့ပြီးမှ ဆက်သွားလို့မရတော့ပါဘူးလေ'

ချူမူက
'ရှင် သေချာလို့လား'
'သိပ်သေချာတာပေါ့'

'ဒါဖြင့် တားနိုင်ရင်တားပေါ့ရှင်'

သူမက ခေါင်းမာနေသဖြင့် ခါးကုန်းကြီး ဒေါသထွက်သွားသည်။

'သိကြသေးတာပေါ့'
ဟု ကြုံးဝါး၍ ရှေ့တိုးလာ၏။
ထင်ကျော် ရင်ထိတ်သွား၏။

'ခဏနေပါဦးဗျာ'

အပျာအယာ ဟန့်တားလိုက်သည်။

ချူမူ၏ရှေ့တွင်ဝင်ရပ်၍ အကာအကွယ်ပြုထားလိုက်၏။

ခါးကုန်းကြီးက

'ကောင်လေး၊ မင်းအရင်ဆုံး သေချင်လား'

ဟု ငေါက်လိုက်သည်။

ထင်ကျော်အား လက်ဝါးဖြင့်ရိုက်ချရန် ဟန်ပြင်လိုက်၏။

ချူမူနှင့်ထင်ကျော်တို့ အန္တရာယ်နှင့် ရင်ဆိုင်လိုက်ရပြီဟု ဆိုနိုင်ပါတော့သည်။

အဝေးမှ ဆူဆူညံညံအသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ခါးကုန်းကြီးက လှမ်းကြည့်လိုက်သည်။



ချူမူနှင့်ထင်ကျော်တို့လည်း ကြည့်လိုက်ကြသည်။

ထိုအခါ

အဝေးတစ်နေရာမှ မီးခိုးလုံးများ ထွက်ပေါ်လာသည်ကို တွေ့ရလေသည်။

'မီးလောင်နေပါလား'

ခါးကုန်းကြီး အထိတ်တလန့်ရေရွတ်လိုက်သည်။

ထို့နောက်

ချူမူတို့အား လုံးဝဂရုမစိုက်ဘဲ တဟုန်ထိုး ပြေးထွက်သွားလေသည်။

o ✻ o

ခါးကုန်းကြီး ထွက်သွားပြီဖြစ်သည်။

ချူမူတို့အတွက် ဒုတိယအကြိမ် ကံကောင်းခြင်းဖြစ်တော့သည်။

ထင်ကျော် သက်ပြင်းချလိုက်သည်။

'ကံကောင်းလို့ပေါ့၊ ကျုပ်တို့ ခါးကုန်းကြီးနဲ့လွတ်အော ရှောင်မှုဖြစ်မယ်ထင်တယ်'

ဟု ပြောလေသည်။

ချူမူက

'ကျွန်မက ဘာကြောင့် သူ့ကိုကြောက်ရမှာလဲ'

ထင်ကျော် ရင်ထိတ်သွားသည်။

'ညီမ....သူဟာ'

'သူဟာ လူကောင်းတစ်ယောက်ဆိုတာ အစ်ကို မသိ ဘူးလား'

'ဟင်'

'သူဟာလူကောင်းတစ်ယောက်မို့ ကျွန်မတို့ကို ခုလော အထိ လက်ခံပြီးစကားပြောနေတာပေါ့'

ထင်ကျော် ပခုံးတွန့်လိုက်သည်။

မှန်ပေသည်။



ခါးကုန်းကြီးသာ လူကောင်းတစ်ယောက်မဟုတ်ပါလျှင် ပုန်းမယ်တောင်ကဲ့သို့သာဆိုပါလျှင် ရှည်ရှည်ဝေးဝေး ပြောဆိုနေမည်မဟုတ်ဘဲ တိုက်ခိုက်သွားလိမ့်မည်သာဖြစ်ပေသည်။

ချူမူက

'ခါးကုန်းကြီးဟာ ကျွန်မတို့ ရှေ့ဆက်သွားမှာကို အရမ်း စိုးရိမ်နေတယ်ရှင့်၊ ဒါကြောင့် ရှေ့က ကဗျာဆရာရှိတယ်ဆိုတာ ထင်ရှားနေပါတယ်'

ထင်ကျော်က

'ညီမက ဘာကြောင့် ကဗျာဆရာကို ဒီလောက်တောင် တွေ့ချင်နေရတာလဲ'

ချူမူက အကြောင်းစုံရှင်းပြလိုက်သည်။

ရွှေလက်ဝါးသိုင်းကျမ်း၏ အရှုပ်တော်ပုံကြောင့် ချူမူ၏ ဖခင် သေဆုံးခဲ့ရသလို ထင်ကျော်၏ဖခင်သည်လည်း သေဆုံးခဲ့ရပြီဖြစ်သည်။

သူတို့သည် ဘဝတူများဖြစ်ကြပြီဟု ထင်ကျော် နားလည်၏။

ထိုမျှမကသေး

သူမသည် သူ့ထက်ပို၍ စိတ်မာတော်မာကျော့သူဖြစ်ကြောင်း သဘောပေါက်လေသည်။

ချူမှုက

'ကျွန်မတို့ကို ကူညီနိုင်တာ ကဗျာဆရာတစ်ယောက်ပဲ ရှိတယ်လို့ ကျွန်မယုံကြည်ထားတယ်၊ ဒါကြောင့် ကဗျာဆရာကို တွေ့အောင်ရှာဖို့ ဆုံးဖြတ်ထားတာပေါ့'

ထင်ကျော်က

'ကောင်းပြီလေ၊ သူ့ကို တွေ့အောင်ရှာကြတာပေါ့'

ဟု သဘောတူလိုက်သည်။
တစ်ဆက်တည်းပင်
'ကဗျာဆရာက ဘယ်မှာရှိနေလဲ'

ဟု မေးလေသည်။

သူမက

'ကျွန်မစိတ်ထင်တာ မလွဲဘူးဆိုရင် ကဗျာဆရာဟာ မီးခိုးတွေထွက်လာတဲ့ နေရာမှာရှိလိမ့်မယ်'

ခေါင်းကုန်းကြီး ထွက်သွားရာဘက်သို့ညွှန်ပြကာ ပြော၏

Z Z Z,



ချယ်ရီတောင်---

ထိုတောင်ခြေတွင် ရွာတစ်ရွာရှိသည်။

ချယ်ရီကျေးရွာဖြစ်သည်။

သူမနှင့်ထင်ကျော်တို့ ကိုယ်ဖော့ပညာအသုံးပြု၍ လျှင်မြန်စွာပြေးလာခဲ့ရာ ချယ်ရီကျေးရွာနှင့် မလှမ်းမကမ်းသို့ ရောက်လာခဲ့ကြသည်။

ထိုကျေးရွာမှ မီးခိုးများ ထွက်ပေါ်နေခြင်းဖြစ်သည်။

အဆောက်အဦးအချို့ မီးလောင်နေသည်ကို တွေ့ရ၏။

သူမသည် ထိုရွာကိုကြည့်ရင်း ဖခင်ကြီးပြောခဲ့သော စကားများကို ပြန်လည်အမှတ်ရလေသည်။

ထိုရွာတွင် သိုင်းလောက၌ ထင်ရှားသော ချယ်ရီ သိုင်းသမားရှိလေသည်။

ထိုသိုင်းသမားသည် အများအကျိုး သိုင်းလောကအကျိုးသည်ပိုးဆောင်ရွက်သော အဖြူရောင်သိုင်းသမားကြီးတစ်ဦးဖြစ်လေသည်။
ရှမ်ဖေလည်း သူမ၏ဖခင်နှင့် ခင်မင်ရင်းနှီးသော မိတ်ဆွေတစ်ယောက်လည်း ဖြစ်သည်။

ပန်းမယ်တော်ကိုသည် ထိုရွာသို့ သွားရမည့်သဘောရှိ၏။

သူတို့သည် ရှမ်ဖေအား သွားရောက်ရန်ရှာကြခြင်းလော။

သူမ စိုးရိမ်လာသည်။

'အစ်ကို ကျွန်မတို့ မြန်မြန်သွားရအောင်'

ဟု ပြောကာ တစ်ဟုန်ထိုးပြေးသွားသည်။

ထင်ကျော်လည်း ထက်ကြပ်မကွာ ပြေးလိုက်သွားလေ၏။

သို့ဖြင့်

တစ်ခဏအတွင်းမှာပင် ထိုရွာအတွင်းသို့ နှစ်ယောက်သား ရောက်ရှိသွားကြသည်။

ထိုအခါ

အိမ်လေးငါးလုံးမျှ မီးလောင်ပျက်စီးနေပြီး လူတစ်စုက အော်ဟစ်ပြေးလွှားနေကြသူများအား လိုက်လံ တိုက်ခိုက်နေသည်ကို တွေ့မြင်ရလေသည်။

ထိုလူစုအား သေသေချာချာ ကြည့်လိုက်သောအခါ ဓား ခြံဝင်းနှင့် ပန်းတောင်ကုန်းမှလူများ ဖြစ်နေကြသည်ကို တွေ့ လိုက်ရလေသည်။



သူမက
'ကျွန်မထင်တဲ့အတိုင်းမှန်နေပြီ'
ဟု ပြောလိုက်သည်။

ထင်ကျော်က

'ပန်းတောင်ကုန်းကလူတွေနဲ့ ကျော်ဂေဟာကလူတွေဟာ ကျုပ်တို့ ထင်ယန်ဂိုဏ်းကို တိုက်ခိုက်ဖျက်ဆီးသွားကြတာပဲ၊ ဓားခြံဝင်းကလူတွေလဲ ပါတယ်'

ဟု မကျေမနပ်ပြောလေသည်။

သူမက

'သူတို့ဟာ ကျွန်မတို့ ချူအိမ်တော်ကို ဖျက်ဆီးခဲ့ကြတာ ပေါ့၊ ခုလဲ ရှမ်ဖေကို ဒုက္ခပေးဖို့ ကြိုးစားနေကြပြီ၊ ကျွန်မတို့ ဝင်ပြီးကူညီရအောင်'

ဟု ပြောလိုက်၏။

ထင်ကျော်က

'ညီမ ကျုပ်တို့ဟာ သူတို့အပေါ် မကျေနပ်တာတွေ ရှိကြ ပေမယ့် စိတ်ထင်တိုင်းလဲ လုပ်လို့မဖြစ်သေးဘူး'

ဟု သတိပေးလေသည်။

ထင်ကျော်က အနည်းငယ်စဉ်းစားပြီး

'ရှမ်ဖေနဲ့ညီမ သိတယ်မဟုတ်လား'

ဟု မေးလေ၏။

သူမက

'ကျွန်မနဲ့တော့မသိဘူး၊ ဒါပေမယ့် ကျွန်မဖေဖေကိုစွကို ပြောပြရင်တော့ ရနိုင်ပါတယ်'

ထင်ကျော်က

'ဒါဖြင့် သူ့ကိုသွားတွေ့ရအောင်'

သူမက
'သူ့ကို ဘယ်မှာလိုက်ရှာမလဲ'
ဟု မေးပြန်သည်။

ထင်ကျော်က ဟိုဟိုဒီဒီကြည့်လိုက်သည်။

ထိုအခါ

မလှမ်းမကမ်းတစ်နေရာတွင် ကြောက်လန့်တကြား ပုန်းနေသော လူတစ်ယောက်အား တွေ့လိုက်ရသည်။



ထင်ကျော်သည် ထိုလူအား ချက်ချင်းသွားရောက်ခေါ်ယူ၍ မေးမြန်းလိုက်သည်။

'ဒီရွာမှာ ဘယ်လိုဖြစ်နေတာလဲ၊ ပြောပါဦး'

ထိုလူသည် ကြောက်လန့်တကြားဖြစ်နေ၏။

'ကျွ- -ကျွုပ်ကို မသတ်ပါနဲ့ဗျာ
ဟု တောင်းပန်တိုးလျှိုးလာသည်။
ထင်ကျော်က

'စိတ်ချ၊ ခင်ဗျားကို လက်ဖျားနဲ့တောင်မတို့ဘူး၊ ဘာတွေ ဖြစ်နေသလဲဆိုတာသာ ပြောပါ'

ထိုလူက

'ရွာ.. ရွာထဲကို လူဆိုးတွေဝင်လာ၍ သောင်းကျန်းနေတာပါဗျာ'

'ဆရာကြီးရှမ်ဖေကကော'
သူမက မေးလိုက်သည်။
ထိုလူက

'ဆရာကြီးမရှိပါဘူး၊ ခရီးထွက်သွားပါတတ်'
'ဘယ်ကိုသွားတာလဲမှ'

'ဧည့်သည်တစ်ယောက်ကို လိုက်ပို့တာပါ'

'ဘယ်ကဧည့်သည်လဲ'

သေသေချာချာ စစ်ဆေးမေးမြန်းနေသော ထင်ကျော်ကို ကြည့်ကာ ချူမူပြုံးလိုက်သည်။

ထိုလူက

'စာပေသမားတစ်ယောက်ပါ'

ဟု ပြောလာသည်။

ချူမူ လှုပ်လှုပ်ရှားရှားဖြစ်သွားပြီး....

'စာပေသမားလား၊ ကဗျာဆရာလား၊ သေသေချာချာ ပြောစမ်းပါ'

ဟု ကြားဝင်မေးလိုက်လေသည်။

ထိုလူက....

'စာတွေကဗျာတွေရေးပါတယ်၊ ဘယ်သူဘယ်ဝါဆိုတာ တော့မသိပါဘူး၊ ဆရာကြီးရှမ်ဖေရဲ့အိမ်မှာလာပြီး တည်းခို နေတာ အတော်ကြာသွားပြီး သည်နေ့မနက်ကမှ ပြန် သွားတာပါ၊ သူ့ကိုဆရာကြီးက လိုက်ပို့ပေးပါတယ်၊ သူရှိ



နေတုန်း ချယ်ရီတောင်ပေါ် တက်သွားလေ့ ရှိပါတယ်၊ စုတ်တတစ်ချောင်း အမြဲဆောင်ထားလို့ စာပေသမားဆိုတာ သိရတာပါ၊ လိုရှိနေတုန်းရွာကို ဧည့်သည်တွေ မကြာခဏ ရောက်လာတတ်ပါတယ်၊ သူပြန်သွားတော့ လူဆိုးတွေ ရောက်လာကြတာပါပဲ'

ချူမူက....

'အဲဒီလူကိုဆရာကြီးရှမ်ဖေကိုယ်တိုင် လိုက်ပို့တယ်ဆိုတော့ အတော်ကိုခင်မင်ရင်းနှီးကြလို့ပဲဖြစ်မယ်ထင်တယ်၊'

ဟု မေးလေသည်။

ထိုလူက....

'ဆရာကြီးက အတော်ကိုရိုရိုသေသေဆက်ဆံတာကို တွေ့ ရပါတယ်'

ဟု ပြောလေသည်။

ချူမူက....

'ဒါဆို ကဗျာဆရာ ရောက်လာတာ သေချာနေပါပြီ၊ ကောင်းပြီလေ သူတို့ဘယ်ကိုထွက်သွားကြသလဲပြောပါ'

ထိုလူက....

'ချယ်ရီတောင်ပေါ် တက်သွားပြီး အရှေ့ဘက်ကို သွားကြမယ်ထင်ပါတယ်'

ချူမူက...

'ကောင်းပြီ ရှင်သွားနိုင်ပါပြီ၊ မကြာခင်မှာ ကျွန်မတို့ လူဆိုးတွေကို ခေါင်းထုတ်လိုက်ပါမယ်'

ဟု ပြောလိုက်သည်။

ထိုလူ ဝမ်းသာအားရဖြစ်သွားသည်။

'ဆရာကြီးရှိရင်ဘယ်သူမှ သည်ကိုလာပြီး ရန်မရှာရဲပါဘူး ဗျာ၊ မိန်းကလေးတို့ကို ကျေးဇူးတင်ပါတယ်၊ ကျုပ်ကို သွားခွင့်ပြုပါ'

စကားဆုံးလျှင် ပြေးထွက်သွားလေသည်။

ချူမူနှင့်ထင်ကျိတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြလေသည်။

ထင်ကျိက—

'ဘယ်လိုလဲ ကဗျာဆရာနောက်ကိုလိုက်သွားမလား'

ဟု မေးလာလေသည်။

ချူမူ ခေါင်းခါယမ်းလိုက်သည်။



'ကျွန်မက ဖခင်တစ်ယောက်လုံးပစ်ထားခဲ့ပြီး ကဗျာဆရာကို တွေ့အောင်လိုက်ရှာနေခဲ့မိတယ်၊ အခုဆိုရင် သူ့ကိုတွေ့ဖို့ဝေးတော့ပါဘူး၊ ဒါပေမယ့်ကျွန်မလိုက်မသွားတော့ပါဘူး'

ထင်ကျိ အံ့ဩသွားလေသည်၊

'ဘာဖြစ်လို့လဲ ညီမရဲ့'

ချူမူက တည်ကြည်သောမျက်နှာထားဖြင့်...

'ဟိုမှာ ကြည့်ပါဦးရှင်'

သောင်းကျန်းနေကြသော ပန်းတောင်ကုန်းမှလူများကို ညွှန်ပြလိုက်လေသည်။

'သည်လူတွေ ဘာကြောင့် သာယာလှပတဲ့ ချယ်ရီကျေးရွာပျက်ဆီးရတော့မယ်၊ သည်အဖြစ်ကို ကျွန်မလက်ပိုက်ကြည့် မနေနိုင်ဘူး'

ထင်ကျိက...

'ကောင်းပြီလေ ကျုပ်တို့ရင်ဆိုင်လိုက်ကြတာပေါ့'

ဟု ပြောလိုက်လေသည်။

သူတို့သည် လက်နက်ကိုယ်စီဆွဲထုတ်လိုက်ကြသည်။

ထိုအချိန်မှာပင်—

'ချယ်ရီကျေးရွာကို လာပြီးစော်ကားရဲတာ နည်းတဲ့ အတွက်မဟုတ်ဘူး'

ကျယ်လောင်သော စကားသံထွက်ပေါ်လာသည်ကိုကြား လိုက်ရသည်။

x x x

ကျယ်လောင်သောစကားသံထွက်ပေါ်လာသည်။

လူရှုပ်တစ်ခုသည် လေပွေမွှေ့သကဲ့သို့ တစ်ဟုန်ထိုးရောက် ရှိလာကာ ပန်းတောင်ကုန်းမှလူများအားတိုက်ခိုက်လိုက်၏။

'ဝုန်း'
'ဗွား'
'အမယ်လေး'
'သေပါပြီဗျ'



စူးရှသောအော်ဟစ်သံများထွက်ပေါ်လာသည်ကို ကြား လိုက်ရသည်။

တစ်ဆက်တည်းမှာပင်....

'ဆရာကြီးရှမ်ဖေပြန်ရောက်လာပြီဟေ့'

ရွာသူရွာသားများ၏ ဖမ်းသာအားရ အော်ဟစ်သံများ ထွက်ပေါ်လာသည်။

'ရန်သူတွေကိုတိုက်ကြ'

'ချယ်ရီကျေးရွာရဲ့သတ္တိကိုပြကြ'

ရွာသူရွာသားများသည် အားတက်လာကြပြီးလျှင် ရှေ့ရာ လက်နက်ဆွဲကိုင်ကာ ခုခံတိုက်ခိုက်လိုက်ကြသည်။

တိုက်ပွဲသည် ကြေးစက်မက်ဖွယ်ကောင်းအောင် ပြင်းထန် သွား၏။

ထိုစဉ်....

'ရွှီး'

ခရာသံတစ်ချက် ထွက်ပေါ်လာလေသည်။

ခရာသံကြားသည်နှင့် ပန်းတောင်ကုန်း ကျီဂေဟာနှင့် စားခြံဝင်းမှလူများ နောက်ဆုတ်သွားကြ၏။

အကယ်၍—

သူတို့သာဆက်ပြီးတိုက်ခိုက်မည်ဆိုပါလျှင် ရွာသူရွာသားများ သက်သာလိမ့်မည်မဟုတ်ပါ။

သိုင်းသမားများအား သိုင်းပညာမတတ်သော ရွာသူရွာသားများက မည်သို့မျှယှဉ်နိုင်မည်မဟုတ်ပါ။

ခရာသံကတိုက်ပွဲကို ရပ်တန့်စေလိုက်သည်မှာ အလွန်ကံကောင်းသွားသည်ဟု ချူမူ နားလည်လိုက်သည်။

ခရာသံ ထွက်ပေါ် လာပြီးသည်နှင့် ပန်းတောင်ကုန်းမှ လူများကတစ်ဘက် ရွာသူရွာသားများက တစ်ဘက် နှစ်ပိုင်းကွဲသွားလေသည်။

ရွာသူရွာသားများဘက်မှ လူတစ်စုကဦးဆောင်ထားပြီး ပန်းတောင်ကုန်းမှလူများဘက်၌ လူသုံးဦးက ဦးဆောင်လာသည်ကို တွေ့ရသည်။

ပန်းတောင်ကုန်းဘက်မှ ဦးဆောင်လာသူသုံးယောက်မှာ ပန်းမယ်တော်၊ ကျိုကိုယ်တော်နှင့် ခါးသားတို့ဖြစ်၏။

ကျိုကိုယ်တော်သည် ကျိုဂေဟာပိုင်ရှင်၏ တူဖြစ်လေ၏၊ ခါးမင်းသားကား ခါးခြံဝင်းပိုင်ရှင်၏သားဖြစ်သည်။ သူတို့သုံးယောက်စလုံး အရေးပါသူများ ဖြစ်လေသည်။



သူတို့ကိုယ်တိုင်ရောက်ရှိလာသဖြင့် နှယ်နှယ်ရရကိစ္စမဟုတ်ကြောင်း ထင်ရှားနေပါသည်။

ချူမူက—
'ပွဲကြီးပွဲကောင်းတော့ တွေ့ရတော့မယ်'
ဟု ရေရွတ်လိုက်သည်။
ထင်ကျိုက....

"ဘယ်သူကဆရာကြီးရှမ်ဖေးလွဲဆိုတာသိသလား'

ဟု မေးလာလေ၏။

ချူမူက..

'ခုမသိသေးဘူး၊ မကြာခင် သိရမှာပေါ့'
ဟု ပြောလေသည်၊
ထိုစဉ်—

လူတစ်ယောက်အရှေ့သို့လှမ်းထွက်လိုက်သည်ကိုတွေ့လိုက်ရသည်။

ထိုလူမှာ အသက်ငါးဆယ်ခန့်ရှိသူဖြစ်သည်၊ အဝါရောင်အဝတ်အစားများဝတ်ဆင်ထားပြီး ဥပဓိရုပ် တည်ကြည်ခန့်ညားသူဖြစ်သည်။

ထိုသူသည် ပန်းမယ်တော်တို့အား ဝေ့ကြည့်လိုက်ပြီးလျှင်

'ခင်ဗျားတို့ဟာ သိုင်းလောကမှာ ထင်ရှားနေတဲ့ သိုင်းသမားတွေမဟုတ်လား၊ ဘာကြောင့်များ ကျုပ်တို့ရဲ့ အညတရကျေးရွာတစ်ရွာကို လာပြီးဒုက္ခပေးချင်ရသလဲဆိုတာကို ပြောပြစမ်းပါဦးဗျာ'

ဟု မေးလိုက်လေသည်။

ပန်းမယ်တော်က မြေပေါ် တောင်ဝှေးကိုထောက်အားပြု၍ ရှေ့သို့လှမ်းထွက်လာသည်။

သူမသည် ကျယ်လောင်သောအသံဖြင့် အော်ပြောလိုက်သည်။

'ချယ်ရီ ကျေးရွာဟာ ချူအိမ်ရဲ့ မိတ်ဆွေတွေဖြစ်တယ်၊ ဒါကြောင့် ကျုပ်တို့ ရောက်လာခဲ့ရတာပဲ'

ချယ်ရီ ကျေးရွာဖက်မှ ထွက်လာသူမှာ သိုင်းသမားကြီး ရှောင်ဖေ့ ဖြစ်ပါ၏။

သူသည် ပန်းမယ်တော်၏ ပဏာကြောင့် မကျေနပ်၍...

'ကျုပ်နဲ့ ချူအိမ်တို့ ခင်မင်ကြတာ ဘယ်လို အပြစ်များဖြစ်လို့လဲ၊ ချူအိမ်နဲ့ ခင်ဗျားတို့ဇာတောင် ပိုပြီး ရင်းနှီးမှုရှိကြတာပဲ မဟုတ်လား'

ပြောလိုက်သည်။

မယ်တော်က...



'ချူလီဟာ ရွှေလက်ဝါးဂိုဏ်းကို သစ္စာဖောက်ပြီး တစ်ကိုယ်ကောင်း ဆန်ခဲ့တယ်၊ ဒါကြောင့် သူ့ကို ဘယ်နည်းနဲ့မှ ခွင့်မလွှတ်နိုင်ဘူး၊ သူနဲ့ ပတ်သက်တဲ့ လူတွေကိုလဲ ချမ်းသာမပေးနိုင်ဘူး'

သူ ခေါင်းခါသည်။

'ခင်ဗျားတို့ ဂိုဏ်းရဲ့ ပြဿနာကို ခင်ဗျားတို့ဘာသာရှင်းသင့်တယ်'

ဟု ပြော၏။

မယ်တော်က

'မလိုချင်ဘူး၊မင်း အညံ့ခံမလား၊ အသက်အသေခံမလား ကြိုက်တဲ့လမ်းကို ရွေးပါ'

သူက....

'ချူလီကို မကျေနပ်တာနဲ့ ကျုပ်ကို လာပြီး ရန်ရှာတာ ဘယ်လိုမှ အဓိပ္ပာယ်မရှိဘူး၊ ခင်ဗျားတို့ သေချာပြန်စဉ်းစားကြည့်ကြစမ်းပါဦး'

သူမက

'ဟော့ အပိုတွေ ပြောမနေနဲ့တော့၊ ချယ်ရီ ကျေးရွာဟာ ရွှေလက်ဝါးဂိုဏ်းရဲ့ သစ္စာကို ခံယူမလား၊ ဒါမှမဟုတ် မီးရှို့ဖျက်ဆီးခံမလား ကြိုက်တဲ့လမ်းကို ရွေးတော့'

ထိုစကားကြားလျှင်
'ဟား ဟား ဟား'
သူက ရယ်လိုက်၏။

'လက်စသတ်တော့ ချယ်ရီရွာကိုဩဇာခံအဖြစ်သွတ်သွင်းချင်လို့ ခုလို လုပ်ကြံတာကိုး၊ ခင်ဗျားတို့အကြံ ဒါ အကုန်ပဲလား'

ဟု ပြောလိုက်သည်။

ထိုစဉ် ဓားမင်းသားသည် စိတ်မရှည်သည့်အသွင်ဖြင့် ရှေ့လှမ်းထွက်ပြီး—

'ရှောင်ဖေ့ ခင်ဗျား ခေါင်းမာနေရင် ဒုက္ခ ရောက်လိမ့်မယ်၊ ဒူးထောက်ပြီး ရွှေလက်ဝါးဂိုဏ်းရဲ့ သစ္စာကို ခံယူလိုက်စမ်းပါ'

ဟု အော်ပြောလာ၏။



သူက
'ကျုပ်က လက်မခံဘူးဆိုရင်ရော'
'ကောင်းပြီ'

ဓားမင်းသားသည် ဓားကိုခြင်ခနဲမြည်အောင်ဆွဲထုတ်၏။

သူက—

'ဓားခြံဝင်းရဲ့ ဓားပညာဟာ အတော်ကို ထူးခြားထက်မြက်တယ်လို့ ကျုပ်သိခဲ့ရတာ ကြာပါပြီ၊ ဒီအနေမှပဲ လက်တွေ့စမ်းသပ်ကြည့်ရတော့မယ်'

ဟု ပြော၍ သူကိုယ်တိုင်လည်း ဓားတစ်လက်ကို ထုတ်ယူလိုက်သည်။

ထင်ကျိုနှင့် ချူမူတို့ တစ်ယောက်ကိုတစ်ယောက်ကြည့်၏။

ထင်ကျိုက
'ကျုပ်တို့လဲ ဝင်ပါမှဖြစ်တော့မယ်'
ဟု ပြောလိုက်သည်။

ချူမူ ခေါင်းညိတ်၏၊

'ဟုတ်တယ်၊ ရွှေလက်ဝါးဂိုဏ်းက လူတွေကို ဆုံးမဖို့လိုပြီ'

သူတို့သည် ပါဝင် တိုက်ရန် ဆုံးဖြတ်လိုက်ကြ၏။

ထိုစဉ်....
'ဟား ဟား ဟား'

ကျယ်လောင်သည့် ရယ်သံ ထွက်လာသည်ကိုကြားရ၏။

ထိုရယ်သံသည် ကျယ်လောင်လွန်းသဖြင့် ကြားရသူတို့ နားကွဲသွားတော့မည်ဟုပင် ထင်ရသည်။

အားလုံး လှမ်းကြည့်လိုက်သည်။

ထိုအခါ—

လူရိုပ်တစ်ခုက လျင်မြန်စွာ ပြေးလွှားရောက်ရှိလာသည်ကို တွေ့ရသည်။

ထိုလူကို မြင်လျှင်—
'ဟင် ခါးကုန်းကြီးပါလား'
ချူမူ လွှတ်ခနဲ ရေရွတ်၏။

ထင်ကျိုက

'ဟုတ်တယ်၊ ခါးကုန်းကြီးရောက်လာပြီ ဘယ်လိုလုပ်မလဲ



ဟု အလောတကြီး ပြော၏။
ချူမူက
'အခြေအနေ ကြည့်ကြစေသေးတာပေါ့'
ဟု နှစ်သိမ့်၏။

ခါးကုန်းအာ သူတို့အား သတိမပြုမိပါ။

ရှောင်ဖေ့နှင့် ခေါ်မင်းသားတို့ကြား၌ ဝင်ရပ်သည်။

တစ်ဖန်—
'ဟား ဟား ဟား'
ရယ်လိုက်၏။

ခေါ်မင်းသား နောက်ဆုတ်၏။
ထိုလူအားမျက်လုံးပြူးကြည့်၍
'ခင်ဗျားဘယ်သူလဲ'
ဟု မေး၏။
ထိုလူက
'ငါဘယ်သူလဲဆိုတာ သိချင်ရင် မင်းအဖေကိုမေးကြည့်'

ဟု ပြော၏။
ခေါ်မင်းသား ဒေါပွမိ၏။
'ခင်....ခင်ဗျား'

ထိုလူက

'မင်းဟာ နှိန်းတောင် မစင်သေးတဲ့ လူကြီးတွေကိုစော်ကားချင်တယ်၊ မြန်မြန် နောက်ဆုတ်နေလိုက်စမ်း'

ဟု ငေါက်လိုက်ပြန်၏။

လူပုံလယ်တွင် စော်ကားခံရ၍ ဓားမင်းသားမှာ မျက်နှာကြီး နီမြန်းအောင်ပင် ဒေါသ ထွက်လာ၏။

'ခင်ဗျား သေဖို့သာပြင်ထား'

ကြုံးဝါးရင်း ဓားခုဝှယ်မ်း၍ ပြေးဝင် တိုက်ခိုက်သည်။

'ဝှီး ဝှီး ဝှီး'

လေတိုးသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

ဝင်းလက် တောက်ပသည့် ဓားရောင်များ ထွက်လာ၏။

မားရိပ်တို့သည် ထိုလူ၏ တစ်ကိုယ်လုံး ဖုံးသွားလေ၏။

ချူမူ ရင်ထိတ်မိ၏။



'ဒီလူဟာ ငယ်သလောက် အတော်ကြောက်စရာကောင်းပါလား'

ဟု ရေရွတ်၏။

ထင်ကျီက...

'ခါးကုန်းကြီး ဒုက္ခရောက်လိမ့်မယ်လို့ ညီမထင်လား'

ဟု မေး၏။

ချူမူ ခေါင်းခါသည်။

'မဟုတ်ပါဘူး။ သူကလဲ သာမန်လူ တစ်ယောက်မှမဟုတ်တာ၊ ဓားမင်းသားကို ဘယ်မှုပါ့မလဲ'

ထိုစဉ်..

'ဒုန်း'

'ခြွမ်း'

ကျယ်လောင်သည့် အသံတို့ ထွက်လာသည်။

ထိုလူအာ မလှုပ်မယှက် ရပ်နေသည်။

မင်းသားအာ ခယီးဗယုိင်ဖြင့် နောက်ဆုတ်သွားသည်ကို မြင်ရသည်။

ထင်ကျို ပြုံးမိ၏၊
'ညီမပြောတာ မှန်တယ်'
ဟု ပြော၏။

ချုမူက

'ဒါပေမယ့် ဌားခြံဝင်းပိုင်ရှင်ဟာ သူ့သားကို သိပ်ချစ်တာရှင့်၊ သူ့သား အခုလို ခံရတာကိုသိရင် လက်ပိုက်ကြည့်နေမှာ မဟုတ်ဘူး'

သူတို့သည် ထိုလူထံ ကြည့်မိသည်။

မင်းသား နောက်ဆုံတ်သည့်အခါ ပန်းမယ်တော်အား ရှေ့တိုးလာသည်။

ထိုလူက
'ဒီအဘွားကြီး မမှတ်သေးဘူးထင်တယ်'
ဝေါက်၏။

မယ်တော်အား

'ရှင် ကျွန်မတို့ကိုစော်ကားတဲ့အတွက် နောင်တရစေမယ်'



ပြောပြီး သူ၏ လူများကို လက်ဝှေ့ ယမ်းပြ၏။

ထိုအခါ

ပန်းတောင်ကုန်းမှ လူနှစ်ဦးက မိန်းကလေး တစ်ဦးအား ဖမ်း၍ ခေါ်လာသည်ကို တွေ့သည်။

ထိုမိန်းကလေးကို မြင်လျှင်
'သမီး'
ထိုလူက ခေါ်ရင်း ပြေးထွက်၏။

'ဟား ဟား ဟား'

မယ်တော်ရယ်လိုက်သည်။

သူမသည် တောင်ဝှေးဖြင့် မိန်းကလေးခေါင်းပေါ် မိုးထားပြီး....

'မင်းရဲ့သမီး မသေချင်ရင် ဒူးထောက်လိုက်စမ်း'

ဟု ဝေါက်၏။
ရှမ်ဖွေ မျက်နှာပျက်မိ၏၊
'ခင်....ခင်ဗျား'

မယ်တော်က
'မင်း ဒူးမထောက်ဘူးလား'
ထိုစဉ်....

'ဖေဖေ သမီးကို ကယ်ပါဦး'

မိန်းကလေးက သနားစဖွယ်အော်ဟစ်အကူအညီတောင်းလာသည်။

သူ အခက်ကြုံရသည်၊
'ဒူးထောက်လိုက်စမ်း'
မယ်တော့် ငေါက်၏။

သူက
'ခင်ဗျား ခင်ဗျား'
'ဒူးထောက်လိုက်စမ်း'

'ကျုပ်'
သူ သမီးဖြစ်သူကို ကြည့်သည်။
'ဖေဖေ သမီးကို ကယ်ပါဦး'

ရှမ်ဖေ့သည် သမီးဖြစ်သူ၏ အသံကို ကြားရသည့် အခါ နားထဲ သံရည်ပူနှင့် လောင်းထည့်သလို ခံစားရသည်။



သူက ဘာမှ မစဉ်းစားနိုင်တော့ပါ
မြေပေါ် ဒူးထောက်ချရန် ဟန်ပြင်လိုက်သည်၊
ထိုစဉ်မှာပင်..

Z Z Z

တတိယပိုင်း– ပြီး၏။

တက္ကသိုလ်သီဟအောင်